# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●



မြန်မာ့အလင်း

# စေတနာမှန်ကန်သည့် ငြိမ်းချမ်းရေးလမ်းပေါ်

နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းလမ်းဖြင့် အဖြေရှာမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာရသည်။ နိုင်ငံရေးသွတ်သွင်းထားသော လက်နက်ကိုင်အဖွဲ့အစည်းများ တည်ထောင်၍ စစ်ရေးနည်းလမ်းကို ကျင့်သုံးရာတွင် ပဋိပက္ခ၏ ဒဏ်ကို အများဆုံးခံစားကြရသူများမှာ မငြိမ်းချမ်းသောနယ်မြေများမှ ပြည်သူများက အဓိကဖြစ်သည်။ မငြိမ်းချမ်းခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်အောင် မပြုလုပ်နိုင်ခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းတို့မှာ ထပ်ဆင့်ထိခိုက်ဆုံးရှုံးမှုများပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိရာ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းလည်း များသည်။ နယ်ချဲ့လက်အောက်ခံဘဝမှ လွတ်မြောက်ခဲ့ပြီး မကြာမီမှာပင် စတင်ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများမှာ ၇၄ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် သံသရာမဆုံးနိုင်သေးဘဲ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးအဖြစ် မှတ်တမ်းဝင်နေပြီဖြစ်သည်။ အဆိုပါ လက်နက်ကိုင်ပဋိပက္ခများအားလုံးသည် ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေ၊ နိုင်ငံကို စနစ်နှစ်မျိုးဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ခြင်းမှ ထွက်ပေါ်လာသည့် အကျိုးဆက်၊ နယ်ချဲ့တို့ အစီအစဉ်တကျ ချပေးခဲ့သည့် သံသယမျိုးစေ့တို့မှ ပေါက်ဖွားလာသည့် အဆိပ်ပင်များပင်ဖြစ်သည်။ သို့ရာတွင် လက်နက်ကိုင်ပဋိပက္ခများ မည်သည့်အကြောင်းကြောင့်ဖြစ်စေကာမူ ဆယ်စုနှစ်ပေါင်းများစွာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပြောင်းလာသည့်အခါ အဖြေမပေါ်သည့် နည်းလမ်းကို ပြန်လည်သုံးသပ်ရန် လိုအပ်လာသည်။

နိုင်ငံသူ နိုင်ငံသား ပြည်ထောင်စုဖွား ပြည်သူလူထု၏ ဆန္ဒအမှန်မှာ ပြည်ထောင်စုကြီးတစ်ခုလုံး ဥမကွဲသိုက်မပျက် ထာဝရတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူလူထုအားလုံး သွေးစည်းညီညွတ်စွာ တန်းတူရည်တူ အေးအတူပူအမျှ အတူတကွ နေထိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်ရေးတို့ပင် ဖြစ်သည်။ ယင်းဆန္ဒများ ပြည့်ဝရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးပင် ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်သွားရန် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။ ငြိမ်းချမ်းရေးရယူနိုင်ရန်မှာ ပဋိပက္ခ၏ နှစ်ဖက်စလုံးတွင် ရှိနေသူများက ဆန္ဒရှိရန်လိုသည်။ တစ်ဖက်တည်းက မည်မျှပင် ငြိမ်းချမ်းလိုသည်ဖြစ်စေကာမူ အခြားတစ်ဖက်က မလိုလားပါက မငြိမ်းချမ်းနိုင်။ ငြိမ်းချမ်းလိုသည့် သန္နိဋ္ဌာန်ဖြင့် အတူတကွ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ကို လျင်လျင်မြန်မြန် လှမ်းကိုင်နိုင်ပြီး ပြည်သူလူထုလည်း ငြိမ်းချမ်းမှုနှင့် လွတ်လပ်မှုတို့၏ အရသာကို ခံစား စံစားနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စများ ဆွေးနွေးနိုင်ခဲ့ပြီဖြစ်ရာ စေတနာမှန်ကန်စွာနှင့် လက်တွေ့ကျစွာ ခင်းကျင်းပေးထားသည့် ငြိမ်းချမ်းရေးလမ်းပေါ်သို့ ကျန်အဖွဲ့များအားလုံးလည်း လျှောက်လှမ်းလာနိုင်ကြပါစေကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၀/၂၀၂၂

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထိန်အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

## ပညာဉာဏ်ဖြင့် အောင်လံလွှင့်ချီ ရှေ့ဆက်မည်

❖ "အို . . . အာဠာဝက၊ ဤလောကဝ်
ဘဝအတွက်၊ အသက်မွေးမှု
အစုစုကို
စေ့ငုသေချာ၊ ဆန်းစစ်ပါသော်
ပညာဉာဏ်ဖြင့်၊ တံခွန်လွှင့်လျက်
ထောက်ချင့်တွေးမှတ်၊ သက်မွေးတတ်မှု
အမြတ်ဆုံးပင်၊ မှတ်လေ့သင်.." ဟု
မြတ်ရှင်ဗုဒ္ဓ၊ ဟောထုတ်ပြသည်
သုတ္တ အာဠာဝကဝ်။

❖ ပညာစကား၊ ပညာနားနှင့်
နာကြားရစိမ့်၊ သည်းရင်စိမ့်မျှ
သိမ့်သိမ့်လှိုက်ဖို၊ ကျေးဇူးပို၏
သို့ဆိုဘိကာ၊ ဤလောကာဝ်
စာပေဝတ္ထု၊ ရတုကဗျာ
လင်္ကာပန်းခင်း၊ ပြုစုခြင်းလျှင်
ရင်တွင်းဥစ္စာ၊ ရတနာကို
ပညာဉာဏ်ထပ်၊ ဖန်ဆင်းအပ်သည့်
မြတ်သော အသက်မွေးခြင်းတည်း။

❖ ဩော်...အသက်မွေးမှု၊ စင်ကြယ်မှုဖြင့်
အမြဲတေစစ်၊ ပညာနှစ်ကို
မလှစ် မချန်၊ ရေးသားမှန်သော...
နိုင်ငံလူမျိုး၊ ချစ်မြတ်နိုးလျက်
အမျိုးသားထု၊ အကျိုးပြုသော. . . .
ပြည်သူ့စာပေ၊ ဉာဏ်ကဝေဖြင့်
နေနှယ်ထိန်လင်း၊ လနှယ်ဝင်းအောင်
ဖန်ဆင်းနိုင်စွမ်း၊ ပိုင်ပိုင်ကျွမ်းသော
လမ်းပြမှူးသွင်၊ ပညာရှင်တို့
စုံလင်ဆုံတွေ့၊ သည်ယနေ့ဝယ်
ကြည်မွေ့နှလုံး၊ ကိုယ်စီပြုံးကြ
အပြုံးထဲတွင်၊ ငါတို့မြင်သည်
"တိုင်းခွင်ပြည်ကျိုး၊ ဆောင်သယ်ပိုးမည့်
အမျိုးသားမာန်၊ နိုးကြားဟန်ဖြင့်
အောင်လံလွှင့်ချီ၊ ရှေ့ဆက်မည်ဟု"
ကိုယ်စီနှုတ်ခွန်း ညွှန်းဟန်တကား။ ။

(မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကို ဂုဏ်ပြုလျက် - )

မြင်းမူမောင်နိုင်မိုး

## မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကျင်းပရန် အလှူငွေလှူဒါန်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကျင်းပရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီးမဟာသရေစည်သူ စိုးဝင်း) - ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ)သားသမီးမြေးများမိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဒလမြို့နယ်စာရေးဆရာအသင်းက အလှူငွေကျပ် တစ်သိန်း(ယာပုံ)၊ ရွှေပြည်သာမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ငါးသောင်း၊ ဒေါက်တာမြင့်ခိုင် (ဥက္ကါညို)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်းနှင့် ဦးစံမောင်(စိန်ဂွန်းစံမောင်)ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် သုံးသောင်းစီ၊ ဦးစိုးအောင်(သုတေသီစိုးအောင်) မြိတ်မြို့နယ်က စီဒီချပ်များ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊အသင်းအတွင်းရေးမှူး ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

● *ရွှေဖုံးမှ*

အဆိုပါ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဖက်အမြင်တူညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ ဥက္ကဋ္ဌကလည်း ယင်းကိစ္စများနှင့် ပတ်သက်၍ သဘောထားအမြင်တူညီချက်များအား ပြန်လည်ဆွေးနွေးခဲ့ပြီး အဖွဲ့များအားလုံး တွေ့ဆုံပြီးစီးသည့်အချိန်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ အချိန်ဇယား(Time Frame) ကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားမည့်အခြေအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❐ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ အချိန်ဇယား (Time Frame) ကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားမည့်အခြေအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ စဝ်ယွက်စစ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် ( ၆ / ၂၀၂၂) ကျင်းပ



**နေပြည်တော် မေ ၂၀**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်း အဝေး အမှတ်စဉ် (၆/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာ သက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေး အမှတ်စဉ် (၅ /၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးအေးထွန်း၊ ဒေါက်တာအောင်ကြီး၊ ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာ ကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်တို့က တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ ယခင်အစည်းအဝေးများတွင် ကော်မတီဝင်များက တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဦးဇော်ဝင်း၊ ဦးမင်းထိန်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အနန္တရတနာမြေ - မြောက်ဦး တတိယအကြိမ်မြောက် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် အနန္တရတနာမြေ - မြောက်ဦး တတိယအကြိမ် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးကိုကိုက ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် - ၁၉၇၂ အရ လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပြီး ယနေ့အထိ ကမ္ဘာ့အမွေအနှစ်စုစုပေါင်း ၁၁၅၄ ခု ရရှိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ကမ္ဘာ့အမွေအနှစ် (ပျူမြို့ဟောင်းများ၊ ပုဂံဒေသ) နှစ်ခု ရရှိထားပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုဒေသသည် ရခိုင်တစ်မျိုးသားလုံး၏ တန်ဖိုးထားရာ၊ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာဖြစ်ပြီး ရခိုင်လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည့် လူမှုစီးပွားဘဝ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေး၊ အနုပညာဆိုင်ရာ အားမာန်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ထင်ဟပ်ဖော်ပြနေသည့် "ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခု" ဖြစ်ပါကြောင်း၊ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် မိမိတို့ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက အမှာစကားပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့ကို ဓာတ်ပုံပညာရှင်များအဖွဲ့က အမှတ်တရဓာတ်ပုံလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အနန္တရတနာမြေ - မြောက်ဦး တတိယအကြိမ် ဓာတ်ပုံပြပွဲတွင် ပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တွေ့ဆုံကာ အဆိုပြုစာတွဲများ တင်သွင်းစဉ်က ရေးဆွဲထားသည့် Guideline များအကြောင်း၊ ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ICOMOS မှ ကျွမ်းကျင်ပညာရှင် လာရောက်ဆန်းစစ်မည့် အခြေအနေ၊ ကျွမ်းကျင်ပညာရှင် မလာရောက်မီ ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုအစီအစဉ် (IPA)ပါ လုပ်ငန်းစဉ်များတွင် ဆက်စပ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ NGOs အဖွဲ့များက ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အဆိုပြုစာတွဲ (အပြည့်အစုံ) Volume III ပါ ဒေသဆိုင်ရာစီမံကိန်း (Regional Plan) အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကိုဖီအာနမ်အစီရင်ခံစာပါ ဦးရဲကျော်သူ ဘုန်းတော်ကြီးကျောင်း အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း၊ ဆရီဆရီဟာဒေဗ့်ဘာရီ (မဟာသိဝ) ဟိန္ဒူဘုရားကျောင်းနှင့် စိန့်မတ်(ခ်)အင်္ဂလီကန် ခရစ်ယာန်ဘုရားကျောင်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဌာနဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်

**နေပြည်တော် မေ ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန်  မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရန်ကုန်မြို့ (၅၂) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံတို့တွင် အဌမတန်း ကျောင်းသုံးစာအုပ်ဖြစ်သော မြန်မာစာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာ စာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂျီတီစီပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောင်းသုံးစာအုပ်များ သက်ဆိုင်ရာဒေသများသို့ မြန်ဆန်လွယ်ကူစွာပို့ဆောင်နိုင်ရန် အရေးကြီးကြောင်း၊ ပုံနှိပ်လုပ်ငန်းများ အရည်အသွေးမီစွာဖြင့် ထုတ်လုပ်နိုင်မှုနှင့်အတူ စက်ပိုင်းဆိုင်ရာများ ကြံ့ခိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ အကျိုးရှိစေပြီး နည်းပညာရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲခေါ်ယူရန်လိုအပ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကြေးမုံသတင်းစာတိုက်သို့ရောက်ရှိပြီး စာတည်းဌာန၊ စာပြင်ဌာန၊ ကွန်ပျူတာခန်း၊ စီမံ / ငွေစာရင်း ရုံးခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒီမိုကရေစီစနစ်တွင် မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင်တည်ဆောက်ရာတွင် အရေးကြီးကြောင်း၊ MRTV ကို ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော၊ ပြည်သူများ စိတ်ဝင်စားမည့် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေး ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများကလည်း ပြည်သူများအား သတင်းအမှန်များ သိရှိစေရန်နှင့် ခေတ်စနစ်နှင့် လျော်ညီသည့် တင်ဆက်မှုများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အောင်ဆန်းပုံနှိပ်စက်ရုံတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ပျဉ်းမနားမြို့နယ် နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော်  မေ ၂၀**

နေပြည်တော် ကောင်စီနယ်မြေအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေး၊ လယ်ယာမြေအသုံးချမှုမှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေနှင့် သွင်းအားစုများ အလေအလွင့်မရှိ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ မေ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၆၃ တွင် ကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။



အခမ်းအနားသို့နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဒေသနေ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က နွေစပါးသီးနှံ စံကွက်ရိတ်သိမ်းရာတွင် ဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ချိန်တွယ်တွက်ချက်မည့် ပစ္စည်းကိရိယာဆိုင်ရာများ၊ စံကွက်ရိတ်သိမ်း တွက်ချက်မှုအဖွဲ့တွင် ဌာနအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် စံကွက်အထွက်တိုင်းတာမည့် ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ စံကွက်ရိတ်သိမ်းပွဲကျင်းပသည့် နွေစပါးမှာ GW-11 စပါးမျိုးကို တစ်ကွင်းတစ်စပ်တည်း ဧက ၃၅၀ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စံကွက်ရိတ်သိမ်းတွက်ချက်မှုအရ တစ်ဧကလျှင် စပါးအခြောက် ၁၄၃ ဒသမ ၈၄ တင်းနှုန်း ထွက်ရှိကြောင်း၊ အဆိုပါ စပါးမျိုးမှာ တောင်သူကိုယ်တိုင် မျိုးထိန်းမျိုးချန်စိုက်နိုင်သည့် အထွက်ကောင်း စပါးမျိုးဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံး၌ နွေစပါးဧက ၂ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် မိုးစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက်ဧက ၉၀၀၀ ခန့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော်  မေ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၆၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၀၃၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၀၇၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၂၃၈၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့နယ် ဇီးတောကျေးရွာ၌ ကျေးရွာပိုင် ထင်းစိုက်ခင်းစိုက်ပျိုးပွဲကျင်းပ

**ပဲခူး  မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇီးတောဘိနယ် ဇီးတောကျေးရွာတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ပြုလုပ်သည့် ကျေးရွာပိုင် ထင်းစိုက်ခင်းစိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစိုက်ခင်းအတွင်း၌ ကျင်းပသည်။

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းနှင့် ကျေးရွာပိုင် ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ဇီးတောကျေးရွာတွင် ကျေးရွာပိုင်သုံးထင်းလောင်စာများရရှိနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ကျေးရွာပိုင် ထင်းစိုက်ခင်းဧရိယာအတွင်းရှိ နှစ်ဧကတွင် နှစ်ပေနှင့်အထက် ဗီယက်နမ်မန်ဂျန်ဂျားပျိုးပင်ပေါင်း ၂၆၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၀**





အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာညွန့်ဖေ၊ ဦးတင်ထွဋ်ဦး၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာ သက်သက်ခိုင်၊ ဒေါက်တာ ဒွေးအောင်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ် ဖြိုးသန့်၊ ဦးအောင်ကျော်ထွန်း၊ ဦးဝင်းရှိန်တို့ တက်ရောက်ကြပြီး Online မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဆိုင်ရာ ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျွမ်းကျင်လုပ်သားများ မွေးထုတ်**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ် ဩဂုတ် ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က "ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ရုံးစိုက်ရာဒေသဖြစ်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်ရန်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်" နှင့် "စက်မှုဇုန်များ စံပြဖြစ်စေရေးအတွက် Skilled Labour များအား အဆင့်အလိုက် Certificate ထုတ်ပေးနိုင်ရေးဆောင်ရွက်ရန်၊ စက်ရုံအားလုံး မှတ်ပုံတင်နိုင်ရန်နှင့် SME လုပ်ငန်းများ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ရန်" လမ်းညွှန်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ အလုပ်အကိုင်ရှာဖွေနေသူများအား အသက်အရွယ်နှင့် သင့်လျော်သော အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီရန်၊ လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်သည့် အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်များအား ကူညီရန်၊ လွယ်ကူသော အလုပ်အကိုင်အခွင့်အလမ်းများနှင့် လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် တွဲဖက်အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရန်အချက်များနှင့် မှတ်တမ်းတင်ရန်အချက်များကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက Test Item Database တည်ထောင်ထားရှိမှုနှင့် ကုန်ကျစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်မှ ပုံမှန်ကျခံ သုံးစွဲခွင့်ပြုရေးနှင့်ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က စံချိန်စံညွှန်း သတ်မှတ်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများကို ရယူသင့်ကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နည်းဥပဒေကို အမြန်ဆုံးရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအတွက် လုပ်သားတစ်ဦးချင်း ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲနိုင်ရေး လုပ်သားတစ်ဦး ကုန်ကျစရိတ်များကို စိစစ်အတည်ပြု၍ စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒွေးအောင်က လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက လုပ်သားတစ်ဦး ကျွမ်းကျင်မှုအဆင့်-၁ စစ်ဆေးအကဲဖြတ်ရာတွင် လိုအပ်သည့်ပစ္စည်း ဝယ်ယူရန် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အမြန်ဆုံးရေးဆွဲရေးအတွက် ကျွမ်းကျင်သူများပါဝင်ရေး၊ အလုပ်ရှင်များ ထည့်ဝင်ကြေးနှင့် ပတ်သက်၍ လည်းကောင်း၊ Skills Development နှင့်ပတ်သက်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများ၊ လုပ်နည်းလုပ်ဟန်များကိုအခြေခံ၍ရေးဆွဲရေးနှင့်ပတ်သက်၍လည်းကောင်း သုံးသပ်ဆွေးနွေးသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ယင်းနောက် Online မှ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းတို့မှ ဆုံးဖြတ်ရန်အချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတွင် မှတ်တမ်းတင်ရန်အချက်များ အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပြီး အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။ **သတင်းစဉ်**

# နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၀**



ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာမြေများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ သီးထပ်သီးညှပ်များ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက အလေးထားကြိုးစားဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဆည်မြောင်း ရေပေးဝေရေးလုပ်ငန်းများနှင့် ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ၌ နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးသန်းဆွေက အမှာစကားပြောကြားပြီး(ယာပုံ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို အဖွဲ့ဝင် ဦးစစ်အေးနှင့် အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်တို့က လည်းကောင်း၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို အဖွဲ့ဝင် ဦးရဲနိုင်နှင့် အဖွဲ့ဝင် သူရဦးဘိုနီတို့ကလည်းကောင်း ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ခင်ဝင်းရီတို့က တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကို လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာအဆင့် (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းသား ကျောင်းသူ ၁၀၄ ဦးတို့ကို ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**သတင်းစဉ်**






# ရန်ကုန်ပညာရေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆို

**ရန်ကုန် မေ ၂၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်ပညာရေးဘွဲ့(ပထမနှစ်)သင်တန်းကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲ အခမ်းအနားကို မေ ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ အဆောင်မှူးများ နှင့် သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍကို တိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးရခြင်းဖြင့် ဆရာအတတ်ပညာများနှင့် အဓိကဘာသာရပ်ကြီးများ ပူးပေါင်းထားသော ခေတ်မီသင်ရိုးများကို သင်ယူရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ခေတ်မီပေါင်းစပ်ပညာရေးကို သင်ယူနိုင်ခြင်းအားဖြင့် မဝေးသော အနာဂတ်တွင် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ဆရာ ဆရာမများ အမှန်တကယ်ဖြစ်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်ပင်အရေးကြီးလှကြောင်း၊ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များပေါ်ထွန်းရေးမှာ ဆရာများ၏ အရည်အသွေးနှင့်စွမ်းဆောင်ရည်ပေါ်တွင် မူတည်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဘက်စုံအသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် တစ်ဆယ့်ငါးသိန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်ထံ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်းများနှင့် မိတ်ဆက်ကြပြီး ပညာရေးဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်တို့မှ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်နှင့် ပတ်သက်၍လည်းကောင်း၊ မော်ကွန်းထိန်းမှ သင်တန်းရေးရာနှင့် ပတ်သက်၍ လည်းကောင်း မိတ်ဆက်စကားများ ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သစ်လွင် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် A.G.T.I ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိ

**နေပြည်တော် မေ ၂၀**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများကို မေ ၁၂ ရက်မှ စတင်၍ ပုံမှန်ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိရာ A.G.T.I ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ (ယာပုံ)



ယခုကဲ့သို့ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် A.G.T.I သင်တန်းများကို ကိုဗစ်-၁၉ ကျန်းမာရေးစည်းကမ်းချက်များနှင့် အညီ ဖွင့်လှစ်နိုင်ရေးနှင့် “တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စီစဉ်ဆောင်ရွက်မှု အခြေအနေ ဆန်းစစ်ပုံစံ (Readiness Assessment Checklist)” များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံနှင့် ကျောင်းသားဆောင်များဖြည့်ဆည်းပေးခြင်း၊ သင်ကြားသင်ယူမှုအတွက် စက်ပစ္စည်းများ၊ လက်တွေ့ခန်းသုံး ပစ္စည်းများဖြည့်ဆည်းထားရှိခြင်း၊ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဖွင့်လှစ်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ်လေးကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ကျောင်းတို့၌ ကျောင်းအလိုက် မြို့ပြအင်ဂျင်နီယာ သင်တန်း၊ အီလက်ထရောနစ်အင်ဂျင်နီယာ သင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်း၊ သုတနည်းပညာသင်တန်း၊ စက်မှုလုပ်ငန်းအင်ဂျင်နီယာသင်တန်း၊ စက်မှုလယ်ယာ နည်းပညာသင်တန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်း၊ စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာသင်တန်းတို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ဖွင့်လှစ်ဆဲသင်တန်းများ၏ ကျောင်းအပ်လက်ခံ နောက်ဆုံးနေ့ရက်ကိုလည်း ၂၀၂၂ခုနှစ် မေ ၃၁ ရက်အထိ တိုးချဲ့လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

A.G.T.I ဒီပလိုမာသုံးနှစ်သင်တန်းအောင်မြင်စွာပြီးဆုံးပါက သင်တန်းဆင်းများအနေဖြင့် အင်ဂျင်နီယာကျွမ်းကျင်အဆင့်ဆိုင်ရာ အလုပ်အကိုင်များအား စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ၌ Technician Level အဆင့် အင်ဂျင်နီယာကျွမ်းကျင်ပညာရှင်အဖြစ် လွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် သင်တန်းသားများ၏ ပညာရည်ထူးချွန်မှုအလျောက် နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များမှ ပို့ချလျက်ရှိသည့် အင်ဂျင်နီယာဘွဲ့ (B.E) သင်တန်းများနှင့် အစိုးရနည်းပညာ ကောလိပ်များတွင် ဖွင့်လှစ်မည့် အင်ဂျင်နီယာနည်းပညာဘွဲ့ (B.Tech) သင်တန်းများသို့ သတ်မှတ်ထားသည့် ဝင်ခွင့်စံသတ်မှတ်ချက်များနှင့် ပြည့်မီပါက ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး Female Single Hand partice: Dragon Tiger form (တစ်ကိုယ်တော်လက်သိုင်း) အပြပွဲစဉ်၌ မခိုင်ဝါဖူးက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Female Single Weapon partice: Ying Yang sword form (တစ်ကိုယ်တော်ဓားရှည်)အပြပွဲစဉ်၌ မမေဟန်နီနွေအောင်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ (-၆၅) ကီလိုတန်း (အတိုက်) ပြိုင်ပွဲတွင် မဝေသူလွင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ English Billiards Double ပြိုင်ပွဲတွင် မောင်ပေါက်စနှင့် မောင်မင်းစည်သူထွန်းတို့က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော် မီတာ ၅၀၀ (C4 W) ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်မင်းနိုင်၊ မောင်မျိုးလှိုင်ဝင်း၊ မောင်သန့်ဇင်ဦးတို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ လက်ဝှေ့အားကစားနည်းမှ (-၅၂) ကီလိုတန်းတွင် မောင်လင်းထွဋ်ပိုင်နှင့် (-၄၈) ကီလိုတန်းတွင် မောင်အေးငြိမ်းထူးတို့က ကြေးတံဆိပ်တစ်ခုစီကိုလည်းကောင်း၊ ဂျူဒိုအားကစားနည်းမှ (-၅၂) ကီလိုတန်းတွင် မအေးမာလာက ကြေးတံဆိပ်တစ်ခုကို လည်းကောင်း၊ အလေးမအားကစားနည်းမှ (၅၉) ကီလိုတန်းတွင် နော်တဘိုးရာက ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဗိုဗီနမ်ပြိုင်ပွဲ ဆုရအားကစားသမားများနှင့် မြန်မာအားကစားအဖွဲ့။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့မှ Grand Vista Hanoi Hotel ၌ နေထိုင်သည့် ဂျူဒိုအားကစားသမားများနှင့် Grand Phonelx Hotel ၌ နေထိုင်သည့် လက်ဝှေ့အားကစား သမားများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏နှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အားကစားသမားများကို ပြိုင်ပွဲပြီးဆုံးသည့်နောက်ဆုံးအချိန်အထိ မြန်မာတို့၏မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားအားထုတ်မှုကို ပြသ၍ ယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော်အားပေးဂုဏ်ပြုကြမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားခဲ့ပြီး ဆုတံဆိပ်များ ရရှိခဲ့ကြသည့် အားကစားသမားများကို နိုင်ငံတော်မှ ထပ်ဆောင်းချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ရွှေတံဆိပ်ဆု သုံးထောင်၊ ငွေတံဆိပ်ဆု နှစ်ထောင်၊ ကြေးတံဆိပ်ဆု တစ်ထောင်ကို ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟန်ွိုင်းမြို့ရှိ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ်အားကစားပြိုင်ပွဲမှ မြန်မာ အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဟန်ွိုင်းမြို့ရှိ Ha Dong Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့်စနူကာ အားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘိလိယက်၊ E-Sports၊ ဘော်လီဘော၊ ကနူးလှေလှော်၊ ဂျူဒို၊ ဗိုဗီနမ်၊ အလေးမ၊ လက်ဝှေ့အားကစားနည်းများတွင် မြန်မာအားကစား အဖွဲ့များမှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ၂၁-၅-၂၀၂၂ ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ စစ်တုရင်၊ ဘိလိယက်၊ ကနူး၊ ပိုက်ကျော်ခြင်း၊ E-ports၊ အမျိုးသမီး (ဘောလုံး)၊ ဂျူဒို၊ အလေးမ၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ၁၅ခုနှင့် ကြေးတံဆိပ် ၂၆ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၄၉ ခုဖြင့် နိုင်ငံအလိုက် အဆင့် (၇) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဗိုဗီနမ်ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့။

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် မေ ၂၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၂၁ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

တတိယနေရာ လုပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ဗိုလ်လုပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇန်နဝါရီက ကျင်းပသည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ရောက်ရှိပြီး ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရထားသည့် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ပုံမှန်ထက်ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။

မြန်မာ အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်တိုင်း ဆုတံဆိပ်ရခဲ့သည့် အစဉ်အလာဆက်ထိန်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ဖိလစ်ပိုင်အသင်း၏ ခြေစွမ်းပိုင်း တိုးတက်လာမှုကြောင့် မြန်မာအသင်းအနေဖြင့် ၂၀၁၉ ပြိုင်ပွဲထက် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။ သို့သော် ဖိလစ်ပိုင်အသင်းသည် ယခုပြိုင်ပွဲတွင် ကမ္ဘောဒီးယားကိုသာ အနိုင်ရထားပြီး အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် တွေ့ဆုံရာတွင် နှစ်ပွဲစလုံး အရှုံးနိမ့်ထားသည်။ မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ တတိယနေရာလုပွဲတွင်လည်း တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီးဂိမ်းနောက်ဆုံး ငါးကြိမ်ဆက်တိုက် ကြေးတံဆိပ်ရရှိထားသည်။

ဗိုလ်လုပွဲအဖြစ် အရှေ့တောင်အာရှ အင်အားကြီး ထိုင်းနှင့် ဗီယက်နမ်တို့ ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် နောက်ဆုံးငါးကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ (၁၁) ကြိမ်တွင် ဗီယက်နမ်အသင်းက ခြောက်ကြိမ်၊ ထိုင်းအသင်းက ငါးကြိမ် ရွှေတံဆိပ်ရထားပြီး ထိုင်းအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် ဗိုလ်စွဲမှသာ ဗီယက်နမ်အသင်း၏ စံချိန်ကို လိုက်မီနိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

### (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၂၀ - ၅ - ၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၆၃ | ၉၇ | ၉၅ | ၃၅၅ |
| ၂ | ထိုင်း | ၆၇ | ၇၆ | ၁၀၈ | ၂၅၁ |
| ၃ | အင်ဒိုနီးရှား | ၅၀ | ၇၀ | ၆၄ | ၁၈၄ |
| ၄ | စင်ကာပူ | ၄၇ | ၄၃ | ၆၁ | ၁၅၁ |
| ၅ | ဖိလစ်ပိုင် | ၄၃ | ၅၉ | ၉၃ | ၁၉၅ |
| ၆ | မလေးရှား | ၃၆ | ၄၀ | ၇၉ | ၁၅၅ |
| ၇ | မြန်မာ | ၈ | ၁၅ | ၂၆ | ၄၉ |
| ၈ | ကမ္ဘောဒီးယား | ၇ | ၉ | ၂၆ | ၄၂ |
| ၉ | လာအို | ၁ | ၇ | ၂၂ | ၃၀ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၂ | ၁ | ၃ |

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားတတိယအဖွဲ့အား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် မေ ၂၀**

၂၀၂၂ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပနေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ တတိယအသုတ်သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါ အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ပန်းစည်းများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

**ပြန်လည်လိုက်ပါ**

ပြန်လည် ရောက်ရှိလာသည့် မြန်မာအားကစား အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ငွေတံဆိပ်ဆုရရှိခဲ့သည့် ပြေးခုန်ပစ်အားကစားနည်းမှ ခင်မာဆယ် (မီတာ ၁၀၀၀၀)၊ ဇင်မေထက် (လမ်းလျှောက်)၊ ဂျူဒိုအားကစားနည်းမှ နွယ်နီပွင့်လှိုင်(-၆၃)ကီလို၊ တိုက်ကွမ်ဒို အားကစားနည်းမှ ဒေစီဦးဂျူလီယက် (-၄၉) ကီလိုနှင့် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် ပီတန်းအားကစားနည်း (Mixed Triple) ပြိုင်ပွဲမှ ထွေးကိုကို၊ တင်တင်ဝေ၊ ကံ့ကော်သန့်ဇင်၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ဇော်လင်းထက် (-၆၃) ကီလို၊ ထက်ဇော်လင်း (-၈၀) ကီလို၊ ကျော်မင်းနိုင်(-၈၇)ကီလို၊ ဗိုဗီနမ် အားကစားနည်းမှ ဇင်မာခိုင် (-၆၅) ကီလို၊ နှင်းသက်ဝေ(-၅၅)ကီလို၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ အောင်မျိုးနိုင် (Double Men)၊ မြားပစ်အားကစားနည်း ပြည့်စုံနှင်း၊ သီတာနွယ်၊ ယမင်းသူ (Recurve Women Team ) တို့နှင့် အတူ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ Kurash၊ လှေလှော်၊ ပီတန်း၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ မြားပစ်၊ သေနတ်ပစ်၊ ဗိုဗီနမ်၊ အလေးမ၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဘိလိယက်နှင့် စနူကာတို့မှ အားကစားအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **အာကာလင်း**



# ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာနှင့် မလေးရှား သရေကျ

**ရန်ကုန် မေ ၂၀**

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၂၀ ရက် (ယနေ့)တွင် ကျင်းပခဲ့ပြီး မြန်မာအသင်း သရေပွဲ ကြုံတွေ့ခဲ့သည်။

သုံးပွဲဆက် အရေးနိမ့်ထားသည့် မြန်မာနှင့် မလေးရှားတို့ နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ရပြီး ရှုံးပွဲဆက်မှုကို ရပ်တန့်နိုင်ခဲ့ကာ လေးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ မြန်မာအသင်းအနေဖြင့် ပထမဆုံးနိုင်ပွဲရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ပြန်ပေးခဲ့ရသဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် လေးဂိုးပြတ်အနိုင်ရနေသော်လည်း ဒုတိယပိုင်းတွင် မထင်မှတ်ဘဲ လေးဂိုးပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို သိုင်းဘွဲ့အောင်က နှစ်ဂိုး၊ မျိုးသက်အောင်နှင့် မျိုးမြင့်စိုးတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ မြန်မာအသင်းသည် မလေးရှားနှင့် ရမှတ် တစ်မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အသာကြောင့် အဆင့် ၄ နေရာ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ရွှေတံဆိပ်ဆုအတွက် အဆုံးအဖြတ်ပွဲတွင် ထိုင်းအသင်းက အိမ်ရှင်ဗီယက်နမ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ရွှေဆုရယူနိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ရမှတ် ၁၀ မှတ်ဖြင့် ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ရမှတ် ရှစ်မှတ်ဖြင့် ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ရမှတ် ခုနစ်မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။ ဖူဆယ်အမျိုးသားပြိုင်ပွဲကို ငါးသင်း ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာအသင်းသည် တစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် တစ်မှတ် ရရှိခဲ့သည်။

**ရဲရင့်လွင်**

# မြန်မာအမျိုးသားဘော်လီဘောအသင်း အဆင့် ၆ နေရာသာရရှိ

**ရန်ကုန် မေ ၂၀**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် အဆင့် ၅ နေရာလုပွဲကို မေ ၂၀ ရက်က ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အဆင့် ၆ နေရာသာ ရရှိခဲ့သည်။

**ပြန်လည်အနိုင်ရ**

မြန်မာအသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲ-နှစ်ပွဲဖြင့် အရေးနိမ့်ခဲ့သည်။ ပထမပွဲငယ်တွင် ဖိလစ်ပိုင်အသင်းက ၂၆-၂၄ မှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် မြန်မာအသင်းက ၂၅-၂၂ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ တတိယပွဲငယ်တွင် ဖိလစ်ပိုင်အသင်းက ၂၅-၂၂ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ရာ မြန်မာအသင်းသည် နောက်တစ်ကြိမ်နောက်မှ လိုက်ကစားခဲ့ရပြီး စတုတ္ထပွဲငယ်တွင် ၂၉-၂၇ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ ထို့ကြောင့် ပဉ္စမပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာပြီး ဖိလစ်ပိုင်အသင်းက ၁၆-၁၄ မှတ်ဖြင့် အနိုင်ရခဲ့သဖြင့် အဆင့် ၅ နေရာရခဲ့ပြီး မြန်မာအသင်းမှာမူ အဆင့် ၆ နေရာဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် တတိယနေရာသာရသဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ပြီး အဆင့် ၅ နေရာလုပွဲသာ ကစားရခြင်းဖြစ်သည်။

**အင်ဒိုနီးရှားနှင့်ဗီယက်နမ်**

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို သုံးပွဲ-တစ်ပွဲ၊ အိမ်ရှင်ဗီယက်နမ်က ထိုင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။ **ကိုညီလေး**

# ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် မေ ၂၀

**ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ဆီးဂိမ်းဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၀ ရက်က ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။**

ဗိုလ်လုပွဲတွင် စင်ကာပူအသင်းက မြန်မာအသင်းကို သုံးပွဲ- တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ယခုဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် ပေါက်စနှင့် ယခင်ဆီးဂိမ်း ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်ဟောင်း မင်းစည်သူထွန်းတို့ ပါဝင်လာသည့် မြန်မာအသင်းသည် နာမည်ကြီး ဘိလိယကကစားသမား ပီတာဂေးလ်ခရစ် ဦးဆောင်သည့် စင်ကာပူအသင်းကို အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ စင်ကာပူအသင်းသည် ပထမနှင့် ဒုတိယပွဲငယ် ဆက်တိုက်အနိုင်ရခဲ့ခြင်းကြောင့်လည်း ပွဲကို ဦးဆောင်နိုင်ခဲ့ပြီး အနိုင်ကစား နိုင်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းသည် ပထမပွဲငယ်တွင် ၁၀၁-၆၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၂-၆၃ မှတ်ဖြင့် နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ သို့သော် တတိယပွဲငယ်တွင် မြန်မာအသင်းက ၁၀၀-၃၆ မှတ် ဖြင့် ပြန်လည်အနိုင်ရခဲ့သဖြင့် စတုတ္ထပွဲငယ် ဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။ ယင်းပွဲငယ်တွင် စင်ကာပူအသင်းက ၁၀၂-၈ မှတ် ဖြင့် အနိုင်ယူကာ ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေဆု အများဆုံးရထားသည့် ထိုင်းအသင်းကို ဆီမီးဖိုင်နယ်တွင် အနိုင်ရထားသော စင်ကာပူအသင်းသည် ယခုဗိုလ်လုပွဲတွင်လည်း မြန်မာအသင်းကို ထပ်မံ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ယခုပြိုင်ပွဲတွင် ဘိလိယက်ပြိုင်ပွဲ အမျိုးအစား နှစ်မျိုးစလုံး၌ ဆုရရှိခဲ့ပြီး ရွှေတစ်ခု၊ ငွေတစ်ခုရယူနိုင်သည်။

**ရဲရင့်လွင်**

**အားကစားဖြင့်**

**နိုင်ငံ့ဂုဏ်**

**မြှင့်တင်**

# ပရိသတ်နှင့်အချင်းများမှုတွင် ပါဝင်ခဲ့သောကြောင့် ပဲလေ့စ်နည်းပြ ဗီရဲရားကို ရဲတပ်ဖွဲ့နှင့် ဘောလုံးအဖွဲ့ချုပ် စုံစမ်းစစ်ဆေးနေ

မာဆေးဆိုက် ရဲတပ်ဖွဲ့နှင့် ဘောလုံး အဖွဲ့ချုပ်တို့သည် အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ခရစ္စတယ် ပဲလေ့စ်အသင်းနည်းပြ ပက်ထရစ်ဗီရဲရားကို ပရိသတ်တစ်ဦးနှင့် အချင်းများခဲ့မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရုပ်သံဗီဒီယိုဖိုင် မှတ်တမ်းတစ်ခုအရ အဲဗာတန်ပရိသတ်တစ်ဦးသည် ဗီရဲရားအား ကဲ့ရဲ့ ရှုတ်ချနေကြောင်း၊ ထို့နောက်တွင် ဗီရဲရားသည် ပရိသတ်တစ်ဦးကို ကန်ကျောက်ခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့သည် ၎င်းတို့ထံ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး တရားဝင်တိုင်ကြားစာ လက်ခံရရှိခဲ့ခြင်း မရှိကြောင်း ပြောကြားသည်။

မာဆေးဆိုက်ရဲတပ်ဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင် ကစားခဲ့သော အဲဗာတန်အသင်းနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် ဂွတ်ဒီဆင်ပတ်ခ်၌ ဖြစ်ပွားခဲ့သော အချင်းများမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ပွဲစဉ်တွင် အဲဗာတန်အသင်းသည် ပဲလေ့စ်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ရာမှ အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ်တင်ကျန်ရန် သေချာစေခဲ့သည့်အတွက် ပွဲအပြီးတွင် အဲဗာတန်ပရိသတ်များ ကွင်းအတွင်းသို့ ဝင်ရောက်ကာ အောင်ပွဲခံခဲ့ကြသည်။

နောက်ဆုံး ထွက်ပေါ်လာသော သတင်းများအရ ဂွတ်ဒီဆင်ပတ်ခ်အနီးတွင် ဆူပူမှုဖြစ်ပွားသည့်အတွက် ခုနစ်ဦးကို ဖမ်းဆီးထားကြောင်း၊ လီဗာပူးရှိ ကောင်တီလမ်းတွင် လူအုပ်ကြီးသည် အုတ်ခဲများ၊ ပုလင်းများဖြင့် ရဲကားကို ပစ်ပေါက်ခဲ့ကြောင်း သိရသည်။ **အောင်ဇော်**

# မြန်မာနိုင်ငံရှိ ဒေသပျားမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုပါ စောင့်ရှောက်ခြင်းဖြစ်

**နေပြည်တော် မေ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ဦးစီးကျင်းပသည့် ကမ္ဘာ့ပျားနေ့ (World Bee Day)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပျဉ်းမနားမြို့နယ် တာဝန်ခံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကပျားမွေးမြူသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကမ္ဘာ့ပျားနေ့ (World Bee Day) ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ ဆလိုဗေးနီးယားနိုင်ငံသား Anton Jansa သည် ၁၇၆၆ ခုနှစ်တွင် ကမ္ဘာ့ခေတ်မီ ပျားမွေးမြူရေးသမိုင်းကို ပထမဦးစွာ စတင်ခဲ့သူဖြစ်ကြောင်း၊ Anton Jansa ကိုဂုဏ်ပြုရန်အတွက် ၎င်း၏ မွေးနေ့ဖြစ်သည့် မေ ၂၀ ရက်ကို ကမ္ဘာ့ပျားနေ့ သတ်မှတ်ရန် ဆလိုဗေးနီးယားနိုင်ငံက အဆိုတင်သွင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ညီလာခံ၌ နှစ်စဉ် မေ ၂၀ ရက်တွင် ကမ္ဘာ့ပျားနေ့ကျင်းပရန် တညီတညွတ်တည်း သဘောတူခဲ့ကြောင်း၊ ပထမဦးဆုံး ကမ္ဘာ့ပျားနေ့ကို ၂၀၁၈ ခုနှစ်တွင် ဆလိုဗေးနီးယားနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း၊ ထို့အတူ ကမ္ဘာတစ်ဝန်းတွင်လည်း ကမ္ဘာ့ပျားနေ့ အခမ်းအနားများကို ကျင်းပကြပြီး ပျားရည်နှင့် ပျားထွက်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြကြောင်း။

မြန်မာနိုင်ငံခေတ်မီပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့၏ ပူးပေါင်းကူညီမှုဖြင့် ဥရောပပျားမျိုး ပျားအုံ ၃၅၀ ကို ဩစတြေးလျနိုင်ငံမှ မှာယူပြီး ပျားမွေးမြူရေးကျွမ်းကျင်သူ ပိုလန်နိုင်ငံသားနှင့် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို စတင်ခဲ့ကြောင်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ သင်တန်းသား ၁၀ ဦးကို အခြေခံပျားမွေးမြူရေး သင်တန်းပို့ချခဲ့ကြောင်း၊ ၎င်းသင်တန်းသားထဲမှ ခြောက်ဦးကို ဩစတြေးလျနိုင်ငံ ဒီပလိုမာလုပ်ငန်းခွင်သင်တန်းသို့ တက်ရောက်စေခဲ့ကြောင်း၊ ထို့နောက် အခြေခံပျား မွေးမြူရေးသင်တန်းဖွင့်လှစ်၍ သင်တန်းသား အမြောက်အမြားကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူသူဦးရေ ၈၂၀ နှင့် ပုဂ္ဂလိက ပျားအုံ ၂၀၁၁၄၃ အုံအထိ တိုးတက်မွေးမြူလျက်ရှိကြောင်း၊ ပျားအုံပေါင်း ၂၀၁၁၄၃ အုံမှ ပျားရည် ၆၅၀၀ မက်ထရစ်တန် ထုတ်လုပ်၍ တစ်နှစ်ပျမ်းမျှ ၂၅၀၀ မက်ထရစ်တန် နိုင်ငံခြားသို့ တင်ပို့လျက်ရှိပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းရရှိလျက်ရှိကြောင်း၊ မြန်မာနိုင်ငံပျားမွေးမြူရေးကဏ္ဍမှ နှစ်စဉ်စိုက်ပျိုးကေ သိန်း ၂၀ ခန့် ဝတ်မှုန်ကူး ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုဘဏ္ဍာနှစ်တွင်လည်း မြန်မာနိုင်ငံ နေကြာစိုက်ကေ၏ ၁၁ ရာခိုင်နှုန်းကို ဝတ်မှုန်ကူးမှုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ဒေသပျားမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် တစ်ဖက်တစ်လမ်းမှ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုပါ စောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ ပတ်ဝန်းကျင်အတွက် အရေးပါလှသည့်ပျားများကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ် ပျားဘုရင်မသားလောင်းကော်စွမ်းရည် ပြိုင်ပွဲကျင်းပရခြင်းပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်နှင့် ဦးမောင်တင့်တို့က ပြိုင်ပွဲစည်းကမ်း၊ အမှတ်ပေးစည်းမျဉ်းများနှင့် ပျားဘုရင်မသားလောင်းကော်ခြင်း နည်းပညာနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပျားဘုရင်မသားလောင်းကော်စွမ်းရည်ဆုများ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ပထမ၊ ဒုတိယ၊ တတိယအဆင့်ရရှိသည့် ကျွမ်းကျင်လုပ်သားများနှင့် ပျားစခန်းတာဝန်ခံများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ပြိုင်ပွဲမှာ သားလောင်းကော်စွမ်းရည်ကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို နိုင်ငံခြားပျားဘုရင်မတွေ ရောက်လာတဲ့အချိန်ကျရင် မျိုးဖြန့်တဲ့ ပျားစခန်းတွေ ပေါ်ပေါက်လာတဲ့ခါမှာ သူတို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်

ဦးမျိုးတင့်

**ကမ္ဘာ့ပျားနေ့(World Bee Day) အထိမ်းအမှတ်အခမ်းအနားကို မေ ၂၀ ရက်က ကျင်းပသည်။ ထိုကမ္ဘာ့ပျားနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပျားဘုရင်မ သားလောင်းကော်စွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်။ အဆိုပါ ပျားဘုရင်မ သားလောင်းကော်စွမ်းရည်ပြိုင်ပွဲကျင်းပခြင်း၊ မြန်မာနိုင်ငံ၏ ပျားရည်ထွက်ရှိနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဦးမျိုးတင့်**
**ဒုတိယညွှန်ကြားရေးမှူး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ**

ကမ္ဘာပေါ်က နိုင်ငံအချို့မှာ ပျားမွေးမြူရေးနဲ့ပတ်သက်ပြီး ပြပွဲပြိုင်ပွဲတွေ ကျင်းပပြီး မြန်မာနိုင်ငံမှာကတော့ ၂၀၁၉ ခုနှစ်မှာ ရန်ကုန်မွေးမြူရေးအဖွဲ့ချုပ်ရုံးမှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ဖူးပါတယ်။ အဲဒီတုန်းက ပြပွဲတွေနဲ့ ခမ်းခမ်းနားနားကျင်းပခဲ့ပါတယ်။ ကြားကာလမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့ပျားနေ့ကို မကျင်းပနိုင်ခဲ့ပါဘူး။ ဒီနှစ်မှာတော့ ကမ္ဘာ့ပျားနေ့ကို အဓိပ္ပာယ်ရှိအောင် အခုလိုပြိုင်ပွဲများပြုလုပ်ပြီး ကျင်းပရခြင်း ဖြစ်ပါတယ်။



ပျားအုံမှ ပျားဘုရင်မကို ပြသစဉ်။

ပျားမွေးမြူမှု သုံးမျိုးရှိပါတယ်။ မျိုးပျား၊ မျိုးပျားအုံ၊ သင်းခွဲပျား စသည်တို့နဲ့ မွေးနိုင်ပါတယ်။ မျိုးပျားအုံနဲ့မွေးတယ်ဆိုတာ အခုမွေးနေတဲ့ ပျားသလက်သုံးချပ်ပါမယ်။ ပျားဘုရင်မတစ်ကောင်နဲ့ လုပ်သားပျား ခြောက်ထောင်၊ တစ်သောင်းကြားနဲ့ စမွေးနိုင်ပါတယ်။ မျိုးပျားနဲ့မွေးတာက နိုင်ငံခြားကနေ ပျားမျိုးများမှာယူပြီး ပျားသလက်ဆောက်ခိုင်းပြီး မွေးရပါတယ်။ သင်းခွဲပျားနဲ့ မွေးတာက ပျားအုံများမှာ ပျားတွေများပြီး ထွက်ပြေးလာတဲ့ ပျားများကို ထောင်ဖမ်းပြီး မွေးရတဲ့နည်းဖြစ်ပါတယ်။ အများဆုံးမွေးမြူကြတာက မျိုးပျားအုံမွေးနည်းနဲ့ မွေးကြတယ်။ ပျားရည်အထွက်နှုန်း များတယ်၊ နည်းတယ်ဆိုတာ ရာသီနဲ့ မဆိုင်ဘူး။ ပျားစာပေါများမှုနဲ့ ပျားအုံဖွံ့ဖြိုးမှုတို့နဲ့ပဲ အဓိကသက်ဆိုင်ပါတယ်။ ပျားအုံဖွံ့ဖြိုးမှုဆိုတာ ပျားအုံမှာ ပျားအရေအတွက်များတာတွေ၊ ပျားသလက်များတာတွေနဲ့ ပျားစာများမယ်ဆိုရင် ဖွံ့ဖြိုးမှုကောင်းပြီး ပျားရည်ထွက်နှုန်းလည်း ကောင်းပါတယ်။ ပျားအုံကောင်းမယ်၊ ပျားသလက်လဲများမယ် သို့သော် ပျားစာမရှိဘူးဆိုရင် ပျားရည်ထွက်နှုန်း မကောင်းနိုင်ဘူး။

အခုလို ပြိုင်ပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ပျားမွေးတယ်ဆိုရာမှာ ပျားတွေရဲ့ အသက်က ပျားဘုရင်မပါပဲ။ ပျားအုံတစ်အုံမှာ ပျားဘုရင်မမရှိရင် ကျန်တဲ့ပျားတွေက ၄၅ ရက်ထက် ပိုအသက်မရှင်ကြဘူး။ လုပ်သားပျားတွေရဲ့အသက်က ၆ ပတ်လောက်ပဲ ရှိပါတယ်။ လုပ်သားပျားအားလုံးကို ပျားဘုရင်မကပဲ တစ်နှစ်တစ်နှစ် ဥထောင်နဲ့ချီဥပြီး ပေါက်ဖွားပေးတယ်။ ပျားတွေရဲ့အသက်၊ ဘဝ၊ ဦးဆောင်မှုဟာ ပျားဘုရင်မဖြစ်ပါတယ်။ ပျားဘုရင်မရဲ့ အဓိကကျတာက ပျားဘုရင်မ သားလောင်းကော်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ပျားနေ့မှာ ပျားဘုရင်မသားလောင်းကော်ခြင်းစွမ်းရည်မြှင့်တင်ဖို့နဲ့ ပျားဘုရင်မ သားလောင်းကော်ခြင်းပညာရပ်တွေ မတိမ်ကောအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ ဒီနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ နိုင်ငံခြားက ပျားဘုရင်မကောင်ရေ ၂၀၀ ခန့်တင်သွင်းဖို့ အစီအစဉ်ရှိပါတယ်။ နိုင်ငံခြားပျားဘုရင်မတွေ ရောက်လာတဲ့အခါကျရင် သူတို့ရဲ့ ပထမမျိုးဆက် ပျားဘုရင်မတွေကို ပုဂ္ဂလိကပျားမွေးတဲ့ အဖွဲ့တွေကို ဖြန့်ဖြူးပေးပြီး ပျားရည်နဲ့ ပျားထွက်ပစ္စည်းတွေအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားပျားဘုရင်မတွေ ရောက်ရှိတဲ့အချိန်မှာ သားလောင်းကော်မျိုးယူတဲ့ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေ လိုအပ်ပါတယ်။ ဒါကြောင့် သားလောင်းကော်ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ ပျားစခန်းတာဝန်ခံတွေထဲမှာ ရွက်ပုန်းသီးတွေကို ဖော်ထုတ်ပေးဖို့ ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ပါတယ်။ ယခုပြိုင်ပွဲမှာ သားလောင်းကော်စွမ်းရည်ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို နိုင်ငံခြားပျားဘုရင်မတွေ ရောက်လာတဲ့အချိန်ကျရင် မျိုးဖြန့်တဲ့ ပျားစခန်းတွေ ပေါ်ပေါက်လာတဲ့ခါမှာ သူတို့ကို တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ပျားနေ့အခမ်းအနားကို မြန်မာနိုင်ငံအနေနဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်တယ်ဆိုတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ ဖော်ပြနိုင်ဖို့ ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။



ဦးမျိုးတင့်
ဒုတိယညွှန်ကြားရေးမှူး



ဦးဇော်မင်းထွန်း
(ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ)

*စာမျက်နှာ ၁၁ သို့*

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသောနာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသောရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အဆောက်အဦဟောင်း၏ ပြင်ဆင်မွမ်းမံထိန်းသိမ်းမည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦဟောင်းနေရာတွင် မြန်မာသမိုင်းအဖွဲ့ ရုံးခန်းများနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အတွက် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပညာဆောင်၌ ကျင်းပပြုလုပ်သည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦဟောင်း၏ ပြင်ဆင်မွမ်းမံထိန်းသိမ်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အထပ်အလိုက် ခင်းကျင်းနေရာချထားမည့် အစီအစဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ် ၆၀၄ / ၆၀၈ (၃၁)လမ်းနှင့် (၃၂)လမ်းကြား ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ သွားရောက်၍ မြန်မာသမိုင်းအဖွဲ့ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျောက်ခေတ်မှ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် သမိုင်းနှင့် ပတ်သက်သည့် Documentary တစ်ခုကို ရိုက်ကူးရန် စီစဉ်နေပါကြောင်း၊ ခေတ်အလိုက် သုတေသနရေးသားနေသော အဖွဲ့များအနေဖြင့် ဗိသုကာ၊ သရေခေတ္တရာ၊ ပုဂံကို ကွင်းဆင်းသုတေသနခရီးသွားရန် ဆောင်ရွက်နိုင်ရေး စီစဉ်ထားပါကြောင်း၊ သမိုင်းနှင့်ပတ်သက်၍ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းကို ပြည့်စုံမှန်ကန်စွာဖြင့် ရေးသားနိုင်ရေး လိုအပ်ပါကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာသမိုင်းအဖွဲ့၊ ပညာရှင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အပြန်အလှန်ဆွေးနွေးပြီး အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**ဦးမောင်တင့်**
**ဒုတိယညွှန်ကြားရေးမှူး**
**ပျားလုပ်ငန်းသုံးနှင့် ပျားထွက်ပစ္စည်းဖွံ့ဖြိုးရေးဌာနစု**

မြန်မာနိုင်ငံမှာ တစ်နှစ် ပျားရည်တန်ချိန် ၇၀၀၀ ခန့် ထွက်ရှိပါတယ်။ တစ်အုံမှာ ပေါင် ၇၀ ခန့်ထွက်ပြီး နိုင်ငံခြားကိုတင်ပို့မှု နှစ်စဉ်ပျမ်းမျှ တန် ၂၆၀၀ ခန့်ကို တစ်တန် ဈေးနှုန်းပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၆၀၀ ခန့်နဲ့ တင်ပို့ရောင်းချနိုင်ပါတယ်။ တင်ပို့တဲ့ နိုင်ငံတွေကတော့ ဂျပန်၊ တရုတ်၊ ထိုင်း၊ ဆော်ဒီအာရေဗျနဲ့ တောင်ကိုရီးယားတို့ ဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှုကတော့ ကိုဗစ်-၁၉ ကာလနောက်ပိုင်း စားသုံးမှုပိုမိုမြင့်တက်လာပါတယ်။ ပျားရည်က ဆေးဝါးနဲ့ စားသောက်ကုန်စည်ဖော်စပ်တာ ၁၇ မျိုး ဖော်စပ်ပါတယ်။ သက်ကြီးသက်ငယ်မရွေး သုံးစွဲသောက်သုံးနိုင်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပျားရည်နဲ့ပတ်သက်ရင် အမျိုးသားဓာတုဓာတ်ကင်းစောင့်ကြည့်မှုအစီအစဉ်နဲ့ ဒေသအသီးသီးကထွက်ရှိတဲ့ ပျားရည်တွေကို ပိုးသတ်ဆေးနဲ့ အခြားဓာတုဆေးဝါးများပါ မပါ နှစ်စဉ်စစ်ဆေးပါတယ်။ ၂၀၁၇ ခုနှစ်ကနေ ယခုအထိ စစ်ဆေးတယ်။ သုံးနှစ်မြောက်မွေးမြူရေးပျားတွေကို စစ်ဆေးခဲ့တယ်။ Food Safetyနဲ့ ပတ်သက်ပြီး လုံလောက်တဲ့ ထောက်ခံချက်တွေရရှိပြီး EUက ပျားရည်တင်ပို့ခွင့်ရတဲ့ နိုင်ငံစာရင်းမှာ ထည့်သွင်းခဲ့တယ်။ ဌာနရဲ့ ဦးဆောင်မှုအောက်မှာ အသင်းနဲ့ ပုဂ္ဂလိကပျားမွေးမြူရေး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။




ပျားဘုရင်မသားလောင်းကော်စွမ်းရည်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သူများကို တွေ့ရစဉ်။

**ဦးဇော်မင်းထွန်း( ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ)**
**ဒုဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇုန်(၃) ပျားဘုရင်မသားလောင်းကော်စွမ်းရည်ပြိုင်ပွဲမှာ တတိယဆုရရှိခဲ့ပါတယ်။ ပြိုင်ပွဲမှာ လာပြိုင်ရတဲ့ ရည်ရွယ်ချက်က ပျားအုံတွေ တိုးတက်ဖို့ရယ်၊ ပျားဘုရင်မ ကောင်းမွန်စွာဖြစ်ထွန်းနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ့်အစွမ်းအစကို ထုတ်ပြချင်တဲ့အတွက် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ပျားမွေးတာကို ဝါသနာပါလို့ ဆယ်တန်းအောင်ပြီးတဲ့နောက် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက သင်တန်းတွေခေါ်ယူတဲ့အတွက် သင်တန်းတွေတက်ရောက်ပြီး ဝန်ထမ်းအဖြစ် တာဝန်စတင်ထမ်းဆောင်လာတာပါ။ အခုလို ပြိုင်ပွဲပြုလုပ်ပေးတဲ့အတွက် ပျားဘုရင်မ သားလောင်းကော်ခြင်း ပညာရပ်တွေကို ပိုမိုသိလာရတယ်။ ကိုယ့်ထက် ကျွမ်းကျင်တဲ့သူတွေရဲ့ ပညာတွေကိုလည်း အနီးကပ်လေ့လာခွင့်ရတယ်။ မိမိတို့ မိခင်ဌာနရောက်ရင် ပျားဘုရင်မသားလောင်းကော်ပညာရပ်တွေကို ကောင်းမွန်စွာအသုံးချပြီး ပျားရည်နဲ့ ပျားထွက်ပစ္စည်းတွေအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၅၄၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၈၀ | ၂၃၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၆၀၅ |
| SD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၁၅ | ၂၂၁၅ | ၂၁၈၀ | ၂၂၉၅ | ၂၂၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၈ | ၂၁၈၃ |
| 95 Ron | ၂၂၁၇ | ၂၂၉၅ |
| HSD (500 ppm) | ၂၀၄၇ | ၂၁၁၈ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၄၆ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာရှိ ကြို့တဲချောင်းသဘာဝရေပြင်အတွင်းသို့ ရွှံ့ကဏန်းမျိုးများ စိုက်ထည့်



**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ရွှံ့ကဏန်းမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာ ကြို့တဲချောင်းကမ်းနံဘေး၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရွှံ့ကဏန်းမျိုးစိုက်ထည့်ပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မျိုးစိုက်ထည့်မည့် ရွှံ့ကဏန်းမျိုးများအား ကြည့်ရှုကြပြီး ရွှံ့ကဏန်းအကောင်ရေ ၅၀၀၀ ကို ကြို့တဲချောင်း သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်ပေးကြသည်။ (ယာပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေချမ်းပြင်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိသည့် မြန်မာ - ထိုင်း နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ရေငန်ပုစွန်နှင့် ရွှံ့ကဏန်းမွေးမြူရေး ဗဟိုသရုပ်ပြစခန်းသို့ သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပင်းတယမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပင်းတယ မေ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်တောဦးစီးဌာနက ဦးစီး၍ မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်း က မိုင်းအင်ကျေးရွာ ပင်းတယ-ရပ်စောက်လမ်း လမ်းဘေးဝဲယာတွင် ကျင်းပသည်။



သစ်တောဦးစီးဌာနအနေဖြင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင် စိမ်းစိုသာယာလှပရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိပြီး ယနေ့ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်ပင် ၂၀၀၊ ခါတော်မီပင် ၅၀၊ မျောက်ငိုပင် ၅၀၊ ငုပင် ၅၀၊ မဲဇလီပင် ၅၀၊ စိန်ပန်းပြာပင် ၅၀ နှင့် ပင်စိမ်းပင် ၅၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ ပင်းတယမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိုင်းအင်ကျေးရွာမှ ရွာသူရွာသားများက စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပေါက်မြိုင်ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံ စာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မဘိမ်းမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ အသောကသီတဂူဘေးမဲ့တောရကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဂျိုဆေး ရာမူးစ်အော့သာ တီမောလက်စ်တေနိုင်ငံ၏ ဒုတိယသမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

ဂျကာတာ မေ ၂၀

**နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဂျိုဆေး ရာဖူးစ် အော့သာသည် မေ ၂၀ ရက်အစောပိုင်းက တီမောလက်စ်တေနိုင်ငံ၏ သမ္မတအဖြစ် တင်မြှောက်ခြင်းကိုခံယူခဲ့ပြီး ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဂျိုဆေးရာမူးစ်အော့သာ သည် ဒုတိယအကြိမ်မြောက် ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ အရှေ့တောင်အာရှ၏ အငယ်ဆုံးနိုင်ငံတစ်ခုဖြစ်သော တီမောလက်စ်တေနိုင်ငံကို ဦးဆောင်ရတော့မည်ဖြစ်သည်။**



၂၀၂၂ ခုနှစ် မေ ၁၉ ရက်က တီမောလက်စ်တေနိုင်ငံ ဒီလီတွင်ကျင်းပသော သမ္မတတင်မြှောက်ပွဲကို တက်ရောက်လာသော ဂျိုဆေးရာမူးစ်အော့သာ (လယ်) ကို တွေ့ရစဉ်။

အသက် ၇၂ နှစ်ရှိ ရာမူးစ်အော့သာသည် တီမောလက်စ်တေနိုင်ငံ၏ တည်ထောင်သူ ဖခင်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားသည်။ ၎င်း၏ သမ္မတ တင်မြှောက်ပွဲကို နိုင်ငံလွတ်လပ်ရေးနေ့ဖြစ်သော မေ ၂၀ ရက်တွင် ကျင်းပခဲ့သည်။

ရာမူးစ်အော့သာသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တီမောလက်စ်တေနိုင်ငံ၏သမ္မတဖြစ်ခဲ့သည်။ ထို့အပြင် ရာမူးစ်အော့သာသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံ့ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ၌ပြောကြားသောမိန့်ခွန်းတွင် ရာမူးစ်အော့သာက အိမ်နီးချင်းနိုင်ငံများဖြစ်သော အင်ဒိုနီးရှားနှင့် ဩစတြေးလျ နိုင်ငံတို့နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိပ်တန်းဦးစားပေး ကိစ္စတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်သွားမည့်အပြင် နည်းပညာသစ်များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဒစ်ဂျစ်တယ်များအပါအဝင် ကဏ္ဍများစွာ၌ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ ဆောင်ရွက်သွားမည့် ၎င်း၏ရည်ရွယ်ချက်ကိုလည်း ဖွင့်ဟပြောဆိုခဲ့သည်။ တီမောလက်စ်တေနိုင်ငံကို အာဆီယံ၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ရေးကိုလည်း မျှော်မှန်းကြောင်း ရာမူးစ်အော့သာက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၅၈၇ ဦး တွေ့ရှိ

**ဟန္နိုင်း မေ ၂၀**

ဗီယက်နမ်နိုင်ငံသည် မေ ၂၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၈၇ ဦး ထပ်မံတွေ့ရှိကြောင်း၊ မေ ၁၉ ရက်ကထက် ၁၂၈ ဦး လျော့နည်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်ပြီး ပြည်နယ်နှင့် မြို့ ၅၁ ခုမှဖြစ်ကြောင်း သိရသည်။

ထပ်မံ ကူးစက်ခံရသူများ အနက် မြောက်ပိုင်း ဖူသိုပြည်နယ်တွင် ၁၀၂ ဦး တွေ့ရှိပြီး ဗင်ဖူပြည်နယ်တွင် ၉၂ ဦး တွေ့ရှိကြောင်း သိရသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟန္နိုင်းသည် ထပ်မံ ကူးစက်ခံရသူ ၃၇၃ ဦး တွေ့ရှိသည့်အတွက် ကိုဗစ်-၁၉ ကူးစက်ရာ အချက်အချာနေရာအဖြစ် ရှိနေသေးသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၀၆၁၁၁ ဦးအထိ ရှိလာပြီ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာ ၉၃၉၀၀၃၂ ဦး (ကူးစက်ခံရမှု၏ ၈၈ ရာခိုင်နှုန်းခန့်) သည် ရောဂါမှ ပြန်လည် သက်သာလာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကနေဒါနိုင်ငံ၌ ပထမဆုံးမျောက်ကျောက်ရောဂါကူးစက်မှု တွေ့ရှိ

**အော့တဝါ မေ ၂၀**

ကနေဒါနိုင်ငံ၌ ပထမဆုံး မျောက်ကျောက် (monkeypox) ရောဂါ ကူးစက်မှုနှစ်ခု တွေ့ရှိကြောင်း ကနေဒါပြည်သူ့ ကျန်းမာရေးအေဂျင်စီ (ပီအိတ်ချ်အေစီ) က မေ ၁၈ ရက်တွင် အတည်ပြု ပြောကြားသည်။

ပီအိတ်ချ်အေစီသည် ရောဂါလက္ခဏာပြသူ သို့မဟုတ် မျောက်ကျောက် ရောဂါနှင့် ကိုက်ညီမှုရှိသည့် လူနာများကို ရှာဖွေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့်အတူ လက်တွဲလုပ်ရန် ပြည်သူ့ကျန်းမာရေး အာဏာပိုင်များကို သတိပေးထားကြောင်း သိရသည်။ ထို့ပြင် ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံတွင် မကြာသေးမီက ရှာဖွေတွေ့ရှိထားသော မျောက်ကျောက်ရောဂါ ထိတွေ့နိုင်ခြေရှိသူနှင့် အဆက်အသွယ်ရှိသူများကို စုံစမ်းရှာဖွေရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဗဟိုနှင့် ကွီဘက်ပြည်နယ်ရှိ ပြည်သူ့ကျန်းမာရေး အာဏာပိုင်များနှင့်အတူ အလုပ်တွဲလုပ်လျက်ရှိကြောင်း ပြောကြားသည်။



မျောက်ကျောက်ရောဂါကူးစက်မှုခံထားရသူတွင် အရည်များပြည့်နေသော ဖုများထွက်နေသည်ကို တွေ့ရစဉ်။

အမေရိကန် နိုင်ငံသားသည် အမေရိကန်နိုင်ငံမှ ကနေဒါနိုင်ငံသို့ မကြာသေးမီက ခရီးသွားခဲ့ကြောင်း သိရသည်။ အဆိုပါ အမေရိကန် နိုင်ငံသားသည် ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် မွန်ထရီရယ်သို့ ခရီးမထွက်မီ သို့မဟုတ် ထွက်နေစဉ်တွင်ပင် ရောဂါကူးစက်ခံထားရဖွယ် ရှိကြောင်း သိရသည်။

မီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါ မျောက်ကျောက်ရောဂါသည် လက်ရှိအချိန်အထိ ဗြိတိန်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်နှင့် အမေရိကန်နိုင်ငံတို့၌ အရေအတွက် အကန့်အသတ်ဖြင့်သာ ကူးစက်ခံထားရသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ အဓိကဆိပ်ကမ်းတစ်လျှောက်ရှိ ဆင်းရဲသားများနေထိုင်ရာနေရာ၌ မီးလောင်မှုဖြစ်ပွား

**မနီလာ မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကဆိပ်ကမ်းအနီး ဆင်းရဲသားရပ်ကွက်ပိုင်းတွင် မေ ၁၉ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါနေရာ၌ ဆိုက်ကပ်ထားသော သင်္ဘောအမြောက်အမြားအတွက် စိုးရိမ်ဖွယ်ရာဖြစ်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားလိုက်သည်။

ဖိလစ်ပိုင် ကမ်းခြေစောင့် တပ်ဖွဲ့ ကွန်မန်ဒို အာမန်ဒို ဘာလီလိုက မီးလောင်မှုသည် မနီလာပင်လယ်အော်တစ်လျှောက် ဆင်းရဲသားများ နေထိုင်ရာ ဘာဆီကိုတွင် ဒေသစံတော်ချိန် ည ၈ နာရီတွင် စတင်ခဲ့ကြောင်းနှင့် နှစ်နာရီနီးပါး လောင်ကျွမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒီရေကျချိန်ဖြစ်သောကြောင့် အဆိုပါနေရာရှိ လှေအတော်များများ ဆိပ်ကမ်းမှ ထွက်ခွာခြင်းမပြုနိုင်ခဲ့ကြောင်း ဘာလီလိုက သတင်းထောက်များကို ပြောကြားလိုက်သည်။ ထို့အပြင် ဘာလီလိုက မြစ်ချောင်းတစ်လျှောက်တွင် ဆောက်လုပ်ထားသော တဲအိမ်များကို မီးလောင်နေသည့်ပုံများကို လူမှုမီဒီယာပေါ်သို့ တင်ခဲ့သည်။ မြို့တော်ရှိ နေရာပေါင်းစုံမှ မီးသတ်သမားများသည် မီးများကို ငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုနှင့်ပတ်သက်ပြီး သေဆုံးသတင်း ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### မိချယ် ဘာချာလက် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မည်

တရုတ်အစိုးရ၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အကြီးအကဲဖြစ်သူ မိချယ် ဘာချာလက်သည် တရုတ်နိုင်ငံသို့ မေ ၂၃ ရက်မှ ၂၈ ရက်အထိ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က မေ ၂၀ ရက်တွင် ပြောကြားသည်။

### တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၂၅ ဦး ထပ်မံတွေ့ရှိ

တောင်ကိုရီးယားနိုင်ငံသည် မေ ၁၉ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၂၅ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၉၁၄၉၅၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၂၂ ဦးသည် ပြည်ပပြန်ကူးစက်မှုများဖြစ်ကြောင်း သိရသည်။

### ကျန်းရှီးပြည်နယ်ပြည်သူ့ကွန်ဂရက်မှ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သူ ကျန်းဟွာကို လာဘ်စားမှု သံသယဖြင့် ဖမ်းဆီး

ကျန်းရှီးပြည်နယ် ပြည်သူ့ကွန်ဂရက်မှ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သူ ကျန်းဟွာကို လာဘ်စားမှု သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း၊ ၎င်း၏အမှုအား အမျိုးသားကြီးကြပ်ရေးကော်မရှင်က စုံစမ်းစစ်ဆေးပြီးနောက် အစိုးရရှေ့နေများထံ လွှဲပြောင်းပေးခဲ့ကြောင်း ပြည်သူ့ရှေ့နေချုပ်ရုံးက ပြောကြားသည်။

### အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၂၂၅၉ ဦး ထပ်မံတွေ့ရှိ

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၂၂၅၉ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၃၁၃၁၈၂၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်အရ သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀ ရှိသည့်အတွက် သေဆုံးသူ စုစုပေါင်း ၅၂၄၃၂၃ ဦးအထိ ရှိလာပြီဖြစ်သည်။

### ဝန်ကြီး ကိုးဦးသီရိလင်္ကာအစိုးရအဖွဲ့အတွက် ကျမ်းသစ္စာကျိန်ဆို

သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပါခ်ဆာသည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မေ ၂၀ ရက်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုးဦးကို သီရိလင်္ကာအစိုးရအဖွဲ့အတွက် ကျမ်းသစ္စာကျိန်ဆိုစေခဲ့ကြောင်း သိရသည်။ လာမည့်ရက်သတ္တပတ်အတွင်း အစိုးရအဖွဲ့သစ်တွင် နောက်ထပ်ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သမ္မတရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

# ပြည်ပနိုင်ငံများသို့ ခရီးသွားသူများအတွက် အာဆီယံနိုင်ငံများအသိအမှတ်ပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) ကို ထုတ်ယူကြပါစို့

■ ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)၊ ဒေါက်တာစန်းဟုန် (ကျန်းမာရေး သတင်းအချက်အလက်)

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှင့် ကာကွယ်ဆေးဖြန့်ဝေသုံးစွဲမှုများကို ဆန်းစစ်ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများ ထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန၏ နည်းပညာအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် အီလက်ထရောနစ်သတင်းအချက်အလက်စနစ်ဖြစ်သည့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccination Management Information System-VMIS) ကို (၂၀၂၁) ခုနှစ်၊ ဇူလိုင်လမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစနစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများမှ ကာကွယ်ဆေးထိုးနှံပေးသူ တစ်ဦးချင်း၏ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို စာရင်းသွင်း၍ မှတ်တမ်းတင်ထားရှိပါသည်။

ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထား (COVID-19 Vaccination Electronic Certificate) ကို (၇-၄-၂၀၂၂) ရက်နေ့မှ စတင်၍ အွန်လိုင်းစနစ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm တွင် လျှောက်ထားရယူနိုင်ပြီဖြစ်ပါသည်။ ထိုသို့ လျှောက်ထားနိုင်ရန်အတွက် လျှောက်ထားမည့်သူအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူဖြစ်ခြင်း၊ ကာကွယ်ဆေးထိုး အချက်အလက်များအား VMIS စနစ်တွင် စာရင်းသွင်းမှတ်တမ်းတင်ထားရှိပြီးဖြစ်၍ VMIS စနစ်မှ မြန်မာဘာသာဖြင့် ထုတ်ပေးသည့် QR code နှင့် Check ID ပါသည့် ကာကွယ်ဆေးထိုးမှတ်တမ်းရှိသူဖြစ်ခြင်း၊ ပြည်ပသို့ ခရီးသွားမည့်သူများအား ရည်ရွယ်သည့်အတွက် နိုင်ငံကူးလက်မှတ် (Passport) လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ခြင်းနှင့် အဆိုပါ နိုင်ငံကူးလက်မှတ် (Passport) သည် သက်တမ်း (၆)လနှင့် အထက်ရှိသူဖြစ်ရပါမည်။




ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အီလက်ထရောနစ် အထောက်အထားမှတ်တမ်းတွင်ပါရှိသည့် QR Code မှတစ်ဆင့် ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean.healthverify.org တွင် အာဆီယံနိုင်ငံအချင်းချင်း စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်ပုံ။

ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားလျှောက်ထားရာတွင် လျှောက်ထားသူ၏ အမည်၊ အဘအမည်၊ နိုင်ငံကူးလက်မှတ်နံပါတ် (Passport Number)၊ မြန်မာဘာသာဖြင့် ထုတ်ထားသော VMIS ကာကွယ်ဆေးထိုးမှတ်တမ်းပေါ်ရှိ Check ID (CHK_ID)၊ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ စသည့်အချက်အလက်များ ဖြည့်သွင်းရန်လိုအပ်ပြီး လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (အရှေ့ဘက်)၊ နိုင်ငံကူးလက်မှတ်တွင် ဓာတ်ပုံနှင့် အချက်အလက်များ (Bio data) ပါရှိသည့် စာမျက်နှာနှင့် VMIS မြန်မာဘာသာဆေးထိုးမှတ်တမ်းတို့၏ ဓာတ်ပုံဖိုင် (*.JPEG/JPG) များတွဲ၍ လျှောက်ထားရပါမည်။ အချက်အလက်များစုံလင်စွာ ဖြည့်သွင်းပြီးပါက CB Pay, Citizen Pay, UAB Pay, KBZ Pay တို့ကို အသုံးပြု၍ မိုဘိုင်းငွေပေးချေမှုစနစ် (Mobile Payment) ဖြင့် လျှောက်ထားသူတစ်ဦးလျှင် ငွေ (၅,၀၀၀)ကျပ်နှင့် မိုဘိုင်းငွေပေးချေမှု အသုံးပြုမှုအတွက် ငွေလွှဲခ (Transaction Charge) (၂၀၀) ကျပ်၊ စုစုပေါင်း (၅,၂၀၀)ကျပ် ပေးသွင်းရမည် ဖြစ်ပါသည်။

လျှောက်ထားသူများသည် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းလျှောက်ထားပါက ရုံးဖွင့်ရက် ငါးရက်အတွင်း ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းအား စတင်လျှောက်ထားရာ အင်တာနက်စာမျက်နှာဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **https://c19vc.moh.gov.mm** တွင် **Check ID (CHK_ID)** နှင့် **နိုင်ငံကူးလက်မှတ်နံပါတ်** အသုံးပြု၍ ပြန်လည်ရယူနိုင်ပါသည်။

လျှောက်ထားသူမှ ဖြည့်သွင်းသည့် အချက်အလက်များနှင့် VMIS စနစ်တွင် မှတ်တမ်းတင်ထားသည့်အချက်အလက်များ တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှသာ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။ လျှောက်ထားသူများအနေဖြင့် ကာကွယ်ဆေးထိုးမှတ်တမ်းတွင်ပါရှိသော အချက်အလက်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံကူးလက်မှတ်တွင် ဖော်ပြထားသည့် အချက်အလက်များတူညီခြင်း ရှိ/မရှိ လျှောက်ထားခြင်း မပြုမီ ကြိုတင်၍ စိစစ်ရမည်ဖြစ်ပါသည်။ အချက်အလက်ကွဲလွဲမှုများရှိပါက ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆေးရုံ၊ ဆေးထိုးစင်တာများတွင် အမှားပြင်ဆင်ခြင်းများ ဦးစွာပြုလုပ်ပြီးမှ လျှောက်ထားရမည်ဖြစ်ပါသည်။

လျှောက်ထားသူများတွင် အချက်အလက် မပြည့်စုံသူများ သို့မဟုတ် အချက်အလက်မှားယွင်းနေသူများပါရှိပါက ထိုသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်း ထုတ်ယူရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာသို့ ဝင်ရောက်သည့်အခါတွင် မှတ်တမ်းအား ထုတ်ယူရရှိမည်မဟုတ်ပါ။ အင်တာနက်စာမျက်နှာတွင် မှားယွင်းနေသည့် အချက်အလက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်းကို အသိပေးမည်ဖြစ်ပါသည်။ ထိုသို့ အသိပေးချက်ကို ရရှိပါက လိုအပ်သည့် ပြင်ဆင်မှုများဆောင်ရွက်၍ ပြန်လည်လျှောက်ထားနိုင်ပါသည်။ ထိုကဲ့သို့ အမှားပြင်ဆင်လျှောက်ထားခြင်းအတွက် နောက်တစ်ကြိမ် ငွေပေးသွင်းရန် မလိုအပ်ပါ။

*စာမျက်နှာ ၁၅ သို့*




ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းအား ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://c19vc.moh.gov.mm တွင် လျှောက်ထားရယူနိုင်ပုံ။




ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အီလက်ထရောနစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) နမူနာပုံစံ။

# မေ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

(၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၂၅,၅၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၆၆) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၁၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၃၁) ခု | (၁) ဦး |
| **စုစုပေါင်း** | (၈,၇၉၄) ခု | (၁၇) ဦး |

- **ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။**
- **နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့်နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၄ မှ*

အကြောင်းအမျိုးမျိုးကြောင့် ထုတ်ပေးပြီးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်း ပျောက်ဆုံးပါက **https://c19vc.moh.gov.mm တွင် Check ID (CHK_ID)** နှင့် နိုင်ငံကူးလက်မှတ်နံပါတ်အသုံးပြု၍ အကြိမ်ရေ အကန့်အသတ်မရှိ ထပ်မံရယူခြင်း (download) ပြုလုပ်နိုင်ပါသည်။ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းကို အင်တာနက်စာမျက်နှာမှတစ်ဆင့် လျှောက်ထားမှုနှင့်ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာရှိပါက ကျန်းမာရေးဝန်ကြီးဌာန၏ အီးမေးလ်လိပ်စာဖြစ်သည့် c19vc@mohs.gov.mm သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်းအီလက်ထရောနစ် အထောက်အထားမှတ်တမ်းရယူခြင်းဖြင့် ပြည်ပနိုင်ငံသို့ ခရီးသွားမည့်သူများအနေဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏မှတ်တမ်းတွင် ပါရှိသည့် QR Code အား မည်သည့် မိုဘိုင်းဖုန်း သို့မဟုတ် တက်ဘလက်ဖြင့်မဆို Scan ဖတ်၍ အချက်အလက်များ ရယူနိုင်သည် ဖြစ်ပါသည်။ အဆိုပါ ကာကွယ်ဆေးထိုးမှတ်တမ်းအား ကိုင်ဆောင်ထားပါက သက်ဆိုင်ရာပုဂ္ဂိုလ်၏ ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့် ပတ်သက်၍ အလွယ်တကူ တိုက်ဆိုင်စိစစ်နိုင်သည့်အပြင် မည်သည့်နေ့ရက်များတွင် မည်သည့်ကာကွယ်ဆေး အမျိုးအစား ထိုးနှံထားကြောင်းကို အတည်ပြုချက် ရယူနိုင်ပါသည်။

ယခုအခါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများအား အပြည်ပြည်ဆိုင်ရာခရီးသွားလာမှုကဏ္ဍတွင် ဖြေလျှော့ပေးမှုများစွာ ဆောင်ရွက်ပေးနေခြင်းနှင့်အတူ ပြည်ပမှ ဝင်ရောက်လာမည့် ခရီးသွားများ ကိုင်ဆောင်မည့် ကာကွယ်ဆေးထိုးမှတ်တမ်းများကို နိုင်ငံအချင်းချင်း အသိအမှတ်ပြုနိုင်ရန် အထူးလိုအပ်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအချင်းချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm မှ တစ်ဆင့် ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား အာဆီယံနိုင်ငံများအချင်းချင်း ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန်အသိအမှတ်ပြုခြင်းစနစ် (ASEAN Single QR Code Verification Portal) တွင် တရားဝင်အသိအမှတ်ပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့၌ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး (15th ASEAN HEALTH MINISTERS MEETING) တွင် အတည်ပြုပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၅-၂၀၂၂) ရက်နေ့မှစတင်ကာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအတွက် အထက်ဖော်ပြပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းအား ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean.healthverify.org မှတစ်ဆင့် စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်း ထုတ်ပေးသည့်စနစ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်(VMIS)တို့ ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာနမှ နည်းပညာကျွမ်းကျင်သူများက ကူညီပေးလျက်ရှိပြီး မြန်မာနိုင်ငံမှ ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်းအား အနောက်နိုင်ငံများအတွင်း အသိအမှတ်ပြုမှုအစီ အစဉ်ဖြစ်သည့် European Union Digital COVID Certificate (EU DCC) တွင် ပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသည့် အချက်အလက်များအား ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုနေသည့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (VMIS) တွင် မပျက်မကွက် စာရင်းမှတ်တမ်းထားရှိကြပါရန်နှင့် ပြည်ပသို့ ခရီးသွားရန်ရှိပါက ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုနှင့် ပတ်သက်၍ ခိုင်လုံသည့် အထောက်အထားဖြစ်သော အာဆီယံနိုင်ငံအချင်းချင်း အသိအမှတ်ပြုမှုရရှိထားသည့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရောနစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://c19vc.moh.gov.mm မှတစ်ဆင့် လျှောက်ထားရယူကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**သတင်းစဉ်**

## ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများကို ယခုမေလကစပြီး တစ်လလျှင်နှစ်ကြိမ် ဆောင်ရွက်သွားရန် လျာထားကြောင်း မီဒီယာများကို အသိပေးလိုပါကြောင်း၊ ယခု သတင်းစာရှင်းလင်းပွဲတွင် (တစ်) လတ်တလော ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး ကိစ္စရပ်များ၊ (နှစ်) ပညာရေးဆိုင်ရာဆောင်ရွက်ချက်များ၊ (သုံး) စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဖြစ်ပါကြောင်း၊ (တစ်)မှ(သုံး) အထိ မိမိအနေဖြင့် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ခံရသည့် မီဒီယာများအနေဖြင့် မေးခွန်းနှစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။




### ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ

ပထမဦးဆုံးအနေဖြင့် လတ်တလော ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီထွန်းကားသည့် နိုင်ငံအများစုတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဆိုသည်မှာ မရှိသလောက်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းခြင်းမရှိဘဲ ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ရန်ဆိုသည့် စိန်ခေါ်မှုကြီးမားသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ထိုစိန်ခေါ်မှုကြီးသည့်ကိစ္စကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူနေသည့် ကာလတာအခိုက်အတန့်အတွင်းတွင် တိုင်းရင်းသားပြည်သူများ၏အကျိုးကို ရှေးရှုပြီး လက်တွေ့ကျကျ စိတ်စေတနာထား ဖော်ဆောင်နေပါကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် တိုင်းပြည်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဟု ပြောကြားခဲ့ပါကြောင်း၊ တိုင်းရင်းသား ပြည်သူအားလုံး ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအရသာကို ခံစားနိုင်ရန်အတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ငြိမ်းချမ်းရေးကို နှစ်နှစ်ကာကာလိုလားသည့်စိတ်၊ ညီညွတ်စွာပူးပေါင်းဆောင်ရွက်လိုသည့်စိတ်များနှင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်ကိစ္စရပ်တွင် သဘောထားကြီးကြီးထားပြီး မိမိတို့၏ စိတ်ခံစားချက်၊ အတ္တကိုအခြေခံသည့် ထင်မြင်ယူဆချက်များကို ဘေးချိတ်ထားပြီး တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ နားလည်မှုရှိရှိ အပြုသဘောဖြင့် ထိတွေ့ဆက်ဆံကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်အပတ် သတင်းစာရှင်းလင်းပွဲတွင်လည်း ပြောခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်က EAO အဖွဲ့များ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းဆိုသည်မှာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရတောင့်ရခဲအခြေအနေနှင့် အချိန်အခါဖြစ်ပါကြောင်း၊ အဓိကအဆုံးအဖြတ်ပေးနိုင်သူအချင်းချင်းရင်းနှီးပွင့်လင်းစွာတွေ့ဆုံနိုင်ရန် လမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်ထားရှိသည့် စေတနာ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် စစ်မှန်သည့် သဘောထားများကို ထင်ထင်ရှားရှား တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကို မလိုလားသည့် အဖွဲ့အစည်းတချို့၊ လက်နက်ကိုင်တချို့နှင့် ခေါင်းဆောင်အမည်ခံ လူပုဂ္ဂိုလ်အချို့၏ အဖျက်သဘောဆောင်ပြောဆိုမှု၊ လုပ်ဆောင်မှုများကို ဂရုပြုပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကနေ သွေဖည်သွားလိမ့်မည်ဟု ထင်လျှင်မှားမည်ဖြစ်ပါကြောင်း၊ သတ္တိရှိစွာနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရအောင် ဆက်လုပ်သွားမည်ဖြစ်သည့်အတွက် ထပ်လောင်းပြောလိုပါကြောင်း၊ တစ်ချိန်သောကာလတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအကျိုးအတွက် သဘောထားကြီးစွာ နားလည်ပေးခဲ့သည်ကို အမှတ်ရမိလိမ့်မည်ဟု ထင်ပါကြောင်း၊ လိုင်ဇာအဝင်မုခ်ဦးတွင် တပ်မတော်သားများရောက်ရှိနေသည့် မှတ်တမ်းဓာတ်ပုံကို သတိတရနှင့် အမှတ်တရဖြစ်နေအောင် ပြလိုပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် လက်တွေ့မကျသည့် အကြောင်းပြချက်များ၊ ငြင်းဆန်ချက်များ၊ ကန့်လန့်တိုက်ခြင်းများ၊ ဖျက်လိုဖျက်ဆီး လုပ်လိုမှုများသည် ၎င်းတို့၏ ဒေသခံပြည်သူလူထု၊ ဒေသအကျိုးအပေါ် ရိုးသားဖြောင့်မတ်မှုနှင့် အမှန်ရှိလားဆိုသည်ကို စဉ်းစားစရာကောင်းမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် လာရောက်ဆွေးနွေးမည့် အဖွဲ့များသည် NCA လက်မှတ်ရေးထိုးပြီးသည့် DKBA အဖွဲ့၊ KNU–KNLA/PC အဖွဲ့၊ ပအိုဝ်း PNLO အဖွဲ့၊ မွန် NMSP အဖွဲ့၊ ရခိုင် ALP အဖွဲ့၊ ရှမ်း RCSS(SSA) အဖွဲ့၊ လားဟူ LDU အဖွဲ့ စသည့်အဖွဲ့ ၇ ဖွဲ့၊ NCA မထိုးရသေးသည့် အဖွဲ့တွင် UWSA "ဝ" အဖွဲ့၊ NDAA မိုင်းလားအဖွဲ့၊ ရှမ်း SSPP (SSA)အဖွဲ့ စသည့် ၃ ဖွဲ့ ဖြစ်ပါကြောင်း၊ ထို EAO အဖွဲ့များ၏ ငြိမ်းချမ်းရေး၊ ပြည်သူလူထုအရေးနှင့် ဒေသအကျိုးအပေါ်ထားရှိသည့် စေတနာတရားကို မိမိတို့အစိုးရနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုလေးစားပါကြောင်းကို ဤနေရာမှ အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က "မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်" "ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့အမြင်ရှိတယ် ဆိုလို့ရှိရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့" ပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကောင်းမွန်သည့်ရလဒ်ထွက်ပေါ်လာသည်အထိ ဆွေးနွေးသွားမည်ဟု သန္နိဋ္ဌာန်ချထားပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီသွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး RCSS၊ DKBA နှင့် KNU–KNLA(PC) အဖွဲ့ ၃ ဖွဲ့မှ ဥက္ကဋ္ဌ၊ ခေါင်းဆောင်အဆင့် တက်ရောက်မည်ဖြစ်ပါကြောင်း၊ NMPS၊ ALP တို့မှ ဥက္ကဋ္ဌများ၏ ကျန်းမာရေးအခြေအနေအရ ဒုတိယဥက္ကဋ္ဌများ တက်ရောက်မည်ဖြစ်ပါကြောင်း၊ PNLO နှင့် LDU တို့မှ တွဲဖက်အထွေထွေအတွင်းရေးမှူး အဆင့်ရှိသူများ တက်ရောက်ကြမည်ဟု ပြန်ကြားထားပါကြောင်း၊ LDU အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားမှုအပေါ် ဥက္ကဋ္ဌ ကျာခွန်ဆာလက်မှတ်ရေးထိုးပြီး ဆွေးနွေးရန်အသင့် မဖြစ်သေးသည့်အတွက် တက်ရောက်ခြင်းမပြုဟု မူလက ပြန်ကြားခဲ့ပါကြောင်း၊ ထိုသို့ပြန်ကြားချက်သည် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ ၂ ဦး၏ သဘောထားဖြင့်သာ ပြန်ကြားခြင်းဖြစ်ကြောင်းကို သိရပါကြောင်း၊ LDU အဖွဲ့အနေဖြင့် ဗဟိုအမှုဆောင်အစည်းအဝေးကို Online မှပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ တက်ရောက်ခြင်းမရှိဘဲ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပြီး သဘောတူဆုံးဖြတ်ချက်အရ တွဲဖက်အတွင်းရေးမှူး (၂) အဆင့်ရှိ ကျားယာကွပ် ဦးဆောင်သည့်အဖွဲ့ကို စေလွှတ်တက်ရောက်မည်ဟု ပြန်ကြားထားပါကြောင်း၊ UWSP/UWSA နှင့် NDAA (မိုင်းလား) အဖွဲ့ ၂ ဖွဲ့အနေဖြင့် ခေါင်းဆောင်များ၏ ကျန်းမာရေးအခြေအနေနှင့် ခရီးဝေးသွားလာရန်အခက်အခဲများကြောင့် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌအဆင့်ရှိသူများကို ဥက္ကဋ္ဌများကိုယ်တိုင် လက်မှတ်ရေးထိုး တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်ကြမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင်ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသည့် ၇ ဖွဲ့မှ ဦးဆောင်တက်ရောက်ကြမည့် ဒုတိယဥက္ကဋ္ဌ/အတွင်းရေးမှူးများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အားလုံး၏ကိုယ်စား အဆုံးအဖြတ်ပြုနိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း သက်ဆိုင်ရာအဖွဲ့များ၊ ခေါင်းဆောင်များ၏ ပြန်ကြားစာများအရ သိရပါကြောင်း။

နိုင်ငံတော် အကြီးအကဲ အနေဖြင့် EAO တစ်ဖွဲ့ချင်းစီနှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ PPST ဦးဆောင်မှုအဖွဲ့ကိုလည်း တွေ့ဆုံဆွေးနွေးခွင့်ရရှိရေးဆောင်ရွက်ပေးနိုင်ရန် PPST ဦးဆောင်အဖွဲ့မှ ညှိနှိုင်းရေးကော်မတီသို့ စာတစ်စောင်ပေးပို့ခဲ့ပါကြောင်း၊ ညှိနှိုင်းရေးကော်မတီမှ " EAO တစ်ဖွဲ့ချင်းစီ၏ လိုလားချက်သဘောတရား တူညီမှုမရှိခြင်းကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် EAO တစ်ဖွဲ့ချင်းစီကိုသာ တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် တရားဝင်ဆွေးနွေးလိုပါက ညှိနှိုင်းရေးကော်မတီနှင့် PPST ဦးဆောင်မှုအဖွဲ့တို့ တွေ့ဆုံနိုင်ပါတယ်" ဟု ပြန်ကြားထားရှိပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများကို အစောဆုံး ယခုလ ၂၀ ရက်နေ့တွင် စတင်တွေ့မည်ဖြစ်ပါကြောင်း။

အကြောင်းအရာချင်း မဆက်စပ်သော်လည်း ပြည်သူလူထုကို သတိထားစရာကိစ္စရပ်တစ်ခုကို အသိပေးလိုပါကြောင်း၊ ရဟန်း၊ သံဃာများကို PDF အမည်ခံအကြမ်းဖက်သမားများက ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ မေ ၁၇ ရက်အထိ ရဟန်း၊ သံဃာ ၄၇ ပါး အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းခံခဲ့ရပါကြောင်း၊ ထိုအထဲမှ စစ်ကိုင်းတိုင်းဒေသကြီးတွင် သံဃာ ၂၄ ပါး၊ မကွေးတိုင်းဒေသကြီးတွင် သံဃာ ၉ ပါး လုပ်ကြံသတ်ဖြတ်ခံရပါကြောင်း၊ ထိုတိုင်းဒေသကြီးများသည် ယုံကြည်ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်သူများ နေထိုင်ကြပါကြောင်း၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသလဲ၊ ယနေ့တက်ရောက်လာကြသည့် မီဒီယာများအနေဖြင့် မည်သို့ထင်မြင်ယူဆ ချက်များရှိပါသလဲ၊ ထိုသို့အသတ်ခံရသည့် သံဃာတော်အများစုသည် ကျောင်းထိုင်ဆရာတော်များ ဖြစ်ကြပါကြောင်း၊ ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ်လာရန် ဘယ်လောက်မလွယ်မှန်း အားလုံးသိကြမည်ဖြစ်ပါကြောင်း၊ ရဟန်းသံဃာတော်များသည် သာသနာ့တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါကြောင်း၊ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသည့် သံဃာတော်များနှင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေကြသည့် ဒါယကာ၊ ဒါယိကာမများ၊ အဖွဲ့အစည်းများ ရင်းနှီးမှုရှိနေခြင်းသည် အစဉ်အလာတစ်ခုဖြစ်ပါကြောင်း၊ ထိုအကြားက ဆက်စပ်မှုကိုဖျက်ဆီးပြီး သာသနာတော်၏ရေသောက်မြစ်ကို ဖြတ်တောက်နေခြင်းက ထိုအကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများ၏ ရည်မှန်းချက်ဖြစ်ပါကြောင်း။

### နောက်ကွယ်ကကြိုးကိုင်နေ

နောက်ကွယ်က ဆက်စပ်နေနိုင်သည့် အကြောင်းအရာအချို့ကို သတိထားမိစေရန် ပြောပြလိုပါကြောင်း၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၌ သီလရှင် ၁ ပါးအပါအဝင် ရဟန်းသံဃာ ၇ ပါး PDF များ၏ လုပ်ကြံခြင်းခံခဲ့ရပါကြောင်း၊ မြိုင်မြို့နယ်ဆိုလျှင် အားလုံးက

*စာမျက်နှာ ၁၇ သို့*

❒ **ကျောင်းများဖွင့်လှစ်မှုနှင့် ပတ်သက်ပြီး NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပြည်ဖျက်မီဒီယာများက ကျောင်းများမဖွင့်အောင် ခြိမ်းခြောက်နှောင့်ယှက်နေသည်ကိုလည်း တွေ့နိုင်**

❒ **ကျောင်းများဖွင့်လှစ်သည့်အခါ ကျောင်းသား၊ ကျောင်းသူ လူငယ်များအားလုံး ပညာသင်နှစ်တစ်ခု အောင်မြင်စွာ ပြီးဆုံး ပညာသင်ကြားနိုင်ရန် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေး မိဘပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်**

*စာမျက်နှာ ၁၆ မှ*

မှတ်မိကြမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်ကာလ ကတည်းက နိုင်ငံသိပြဿနာတစ်ရပ်ဖြစ်ခဲ့သည့် နေရာဖြစ်ပါကြောင်း၊ ဖြစ်စဉ်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်တွင် မြိုင်မြို့နယ်၊ ကန်နီကျေးရွာတွင် NLD ပါတီဝင်တစ်ဦးက ပါတီအောင်နိုင်ရေးသီချင်းများ၊ မဲဆွယ်စည်းရုံးမှုများကို နေ့နေ့ညညဆူညံစွာ လွှန်လွန်ကဲကဲ နားမခံသာအောင် အသံချဲ့စက်ဖွင့်ပြီး ရွာကိုနှိပ်စက်ခဲ့ပါကြောင်း၊ ယင်းကို မလုပ်သင့်ကြောင်းနှင့် အသံချဲ့စက် အသံတိုးပေးရန် သွားရောက် မေတ္တာရပ်ခံလာပြောသည့် ရွာသားကို ဝိုင်းဝန်းရိုက်နှက်ခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်အပေါ် မကျေနပ်သည့် ရွာသူ၊ ရွာသားများက နေအိမ်ဝင်း အတွင်းသို့ ဝင်ရောက်ခဲ့ပါကြောင်း၊ ထိုအချိန်က အာဏာရပါတီနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများကလည်း ထိုမတရားမှုအပေါ်တွင် အာဏာနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ဘက်လိုက်ရပ်တည်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ဗကပစကားနှင့်ပြောရလျှင် သွယ်ဝိုက်ပြီး အာဏာ တည်ဆောက်ထားသည့် ဒေသဖြစ်ကြောင်းကို သတိပြုမိမည်ဖြစ်ပါကြောင်း၊ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ခြမ်းတစ်ဝိုက်က အကြမ်းဖက် PDF များကို နောက်ကွယ်ကကြိုးကိုင်နေသည်မှာ KIA အဖွဲ့ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး မြောက်ခြမ်းနှင့် အနောက်မြောက်ခြမ်းတွင်ရှိနေသည့် PDF များကို ကြိုးကိုင်နေသည်မှာ CNF အဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် တင်ပြပါဗီဒီယိုဖိုင်ကို ဥပမာကြည့်ပေးစေလိုပါကြောင်း၊ အဘယ်ကြောင့် ဖြစ်နေသလဲ၊ မည်သို့ လုပ်သင့်သလဲ ဆိုသည်ကို ပြည်သူလူထုနှင့် သက်ဆိုင်သူအားလုံး သိမြင်နိုင်မည်ဟု ပြောလိုပါကြောင်း ပြောကြားပြီး ဗီဒီယိုဖိုင်ကိုပြသသည်။

ဆက်လက်၍ ယင်းနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အကာအကွယ် ပေးရမည်ဖြစ်ကြောင်း၊ လူအများစုကိုးကွယ်ရာ ဘာသာတရားကို တိုက်ရိုက် ထိပါးခြင်းဖြစ်ကြောင်း၊ သံဃာတော်များနှင့်ပတ်သက်ပြီး ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်း များရှိလျှင် သတင်းပေးကြစေလိုပါကြောင်း၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ပညာရေးဆိုင်ရာဆောင်ရွက်ချက်များ

ဆက်လက်ပြီး ဒုတိယပိုင်းအနေဖြင့် ပညာရေးဆိုင်ရာဆောင်ရွက် ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ပြည်သူများ လိုလားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ရန်၊ ဒီမိုကရေစီစနစ်ရှင်သန် ခိုင်မာစေရန် ပြည်သူလူထုတစ်ရပ်လုံး ပညာရည်မြင့်မားရန်လိုအပ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းများအရ မိမိတို့နိုင်ငံသား အားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့် ပညာရေးသာ ရှိကြောင်းကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် နိုင်ငံသား တိုင်းကို KG+9 (အလယ်တန်းအဆင့်) ပညာပြီးဆုံးသည်အထိ သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ အနေဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူအားလုံး ကျောင်းနေနိုင်အောင်လုပ်ပေးမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုပြီးမြောက်အောင် ပံ့ပိုးမည်ဖြစ်ကြောင်း၊ ကာယ ကံရှင်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ ပညာပြီးမြောက် အောင် သင်ကြားမှုမရှိခဲ့လျှင် ကာယကံရှင်ကျောင်းသား၊ ကျောင်းသူ များ မိဘများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများဖြစ်လာ စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ် လုပ်နိုင်သည့်လုပ်အားများ ဆုံးရှုံးခြင်းများဖြစ်ပေါ်လာသလို နိုင်ငံသား တစ်ဦးချင်း၏ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော် တာဝန် စတင်ယူချိန်ကပင် ကိုဗစ်-၁၉ ကြောင့် ပိတ်ထားခဲ့သည့်ကျောင်း များ ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကို ကိုဗစ်-၁၉ ရောဂါ အကျပ်အတည်းနှင့် နိုင်ငံရေး အမှောင့်ပယောဂများကြားတွင် မိမိတို့ ပညာသင်နှစ် ဆုံးခန်းတိုင် အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ဧပြီ ၂၄ ရက်တွင် အခြေခံ ပညာကျောင်းများ အားလုံး၏ စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ပေး နိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး မကြာခင်အချိန်တွင် တက္ကသိုလ်ဝင် တန်းစာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းသား၊ ကျောင်းသူများကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက် မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဇွန် ၂၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာ သင်နှစ်အတွက် ကျောင်းအပ်နှံရေးဆောင်ပုဒ်အဖြစ် “ကျောင်းနေ အရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့” ဟူ၍သတ်မှတ်ခဲ့ပြီး (၅)နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG) ကိုအပ်နှံရန်၊ (၆)နှစ် အရွယ်ကလေးများကို ပထမတန်း(Grade-1) ကို အပ်နှံရန် နှိုးဆော်လျက်ရှိပါကြောင်း။

ထို့အပြင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကာလအတွင်း ကျောင်းအုပ် များ၊ ဆရာ/ဆရာမများနှင့် ပညာရေးအရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမည့်အချက်များနှင့် မိဘအုပ်ထိန်းသူ၊ ပြည်သူများကို မေတ္တာရပ်ခံပန်ကြားချက်များကို နိုင်ငံပိုင် သတင်းမီဒီယာများက တစ်ဆင့် အသိပေးနှိုးဆော်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် အခမဲ့ပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းမှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံသည့် ကလေးများကို KG အတန်းအတွက် လိုအပ်မည့် ပံ့ပိုးမှုများနှင့် Grade-1 မှ Grade-11 အထိ ကျောင်းသားကိုင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို အခမဲ့ ဖြန့်ဝေခြင်း၊ ဆရာလမ်းညွှန်စာအုပ်များကို အခမဲ့ဖြန့်ဝေခြင်းနှင့် ဗလာ စာအုပ်နှင့် စာရေးကိရိယာများကို ဖြန့်ဝေလျက်ရှိသကဲ့သို့ မူလတန်း အဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ဖြန့်ဝေခြင်း စသည်များကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ယခုရက်ပိုင်းအတွင်း အွန်လိုင်းပေါ်တွင် တက္ကသိုလ်ဝင်တန်း အောင်စာရင်းနှင့်ပတ်သက်ပြီး ငွေကျပ် ၃ သောင်း၊ ၄ သောင်း စသဖြင့် ပေးရသည်ဟု သတင်းပြန့်နေကြောင်း၊ အောင်စာရင်း၊ အမှတ်စာရင်း ထုတ်ယူမှုအတွက် ကုန်ကျစရိတ် ငွေ ၄၀၀ ကျပ်၊ ၆၀၀ ကျပ် စသဖြင့် သတ်မှတ်ပြီးဖြစ်ကြောင်း၊ စာတိုက်မှပို့လျှင် စာတိုက်ဖိုးကုန်မည် ဖြစ်ပြီး အများဆုံးကုန်ကျငွေ ၁၀၀၀/ ၁၅၀၀ ထက်မပိုပါကြောင်း၊ အွန်လိုင်းပေါ်မှ ပြောနေသည့် သုံးလေးသောင်းကုန်ကျမှုများသည် ပွဲစားများနှင့် လုပ်နေခြင်းဖြစ်ပြီး ယင်းတို့ကိုလည်း မိမိတို့ ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အနာဂတ် ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ ပညာရည် မြင့်မားရေးကိုဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝပြီး အတွေ့ အကြုံရှိသည့် ဆရာ/ဆရာမများ လိုအပ်ပါကြောင်း၊ ထို့ကြောင့် တာဝန် မှ ကင်းကွာနေသည့် ပညာရေးဝန်ထမ်းများကို ပြန်လည်၍ တာဝန် ထမ်းဆောင်နိုင်ရန် အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်၊ မေ ၁၆ ရက်မှစတင်၍ နိုင်ငံပိုင်ရုပ်မြင်သံကြားမီဒီယာများမှတစ်ဆင့် ပြန်လည်ဖိတ်ခေါ်ထား ပါကြောင်း၊ အခြေခံပညာ ဆရာ/ဆရာမအသစ်များကိုလည်း ထပ်တိုး ခန့်အပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျောင်းများ၏ ရုပ်ပိုင်းဆိုင်ရာတိုးမြှင့်ရေး၊ ကျောင်းစာကြည့်တိုက်များ၌ စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးခြင်း များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကျောင်းများဖွင့်လှစ်မှုနှင့် ပတ်သက်ပြီး NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပြည်ဖျက်မီဒီယာများက ကျောင်း များမဖွင့်အောင် ခြိမ်းခြောက်နှောင့်ယှက်နေသည်ကိုလည်း တွေ့နိုင် မည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ပညာသင်နှစ်များတွင် အကြမ်းဖက် သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် မိုင်းထောင်၊ မိုင်းခွဲ၊ မီးရှို့၊ ဖျက်ဆီးခံခဲ့ရသည့်ကျောင်းပေါင်း ၅၀၄ ကျောင်းရှိခဲ့ပြီး ဆရာ/ ဆရာမ ၃၇ ဦးသေဆုံးခဲ့ရပါကြောင်း၊ ယခုလည်း ကျောင်းများ မဖွင့်ခင်ကတည်း က ခြိမ်းခြောက်မှုများ စတင်လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ပါ ကြောင်း၊ ပြည်ဖျက်မီဒီယာများကလည်း ဖော်ပြနေသည်ကိုတွေ့ရမည် ဖြစ်ကြောင်း၊ ဥပမာ - ပင်းတယ မြို့နယ်ပညာရေးမှူးရုံးကို မိုင်းထောင် ဖောက်ခွဲသည်ဆိုပြီး မီဒီယာတစ်ခုက ဖော်ပြထားကြောင်း၊ မေ ၉ ရက် နံနက်ပိုင်းတွင် လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းသည် ကျောင်းဖွင့်တော့ မည်ဖြစ်၍ ဖောက်ခွဲခြင်းဖြစ်ပြီး နောင်တွင် ယခုထက်အားပြင်းသည့် ဗုံးနှင့် ဖောက်ခွဲမည်ဆိုသည့် ခြိမ်းခြောက်မှုမျိုးတွေ့ရပါကြောင်း၊ တစ်ဖက်တွင်လည်း “စာမေးပွဲ ဖြေဆိုသူများကို တက္ကသိုလ်ဝင်ခွင့် လက်ခံမည်မဟုတ်ဟု NUG ပြော” ဆိုပြီး ရေးထားသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုးဆုံးမှာ စာသင်ကျောင်းများကို မိုင်း ထောင်၊ ဘန်ကာဆောက်ပြီး အကြမ်းဖက်အဖွဲ့ အခြေချစခန်းများအဖြစ် အသုံးပြုနေခြင်းသာဖြစ်ကြောင်း ပြောကြားပြီး PDF အမည်ခံအကြမ်း ဖက်အဖွဲ့များက ကျောင်းကိုပိတ်ပြီး ကျောင်းထဲသို့ ဝင်ရောက်နေရာ ယူကာ အခြေချစခန်းအဖြစ်ပြုလုပ်ပြီး အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့် ဗီဒီယိုဖိုင်ကိုပြသသည်။

### အသိ၊ သတိရှိဖို့ လိုအပ်နေပြီ

ပညာရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုကို သိစေလိုသည်မှာ တစ်ဖက်တွင် ကျောင်းများမတက်ရန်ပြောကြားနေပြီး လက်တွေ့ ကျောင်းများကို မိုင်းထောင်၊ မိုင်းခွဲ၊ မီးရှို့ခဲ့ကြောင်း၊ တစ်ဖက်တွင် ၎င်းတို့ဘက်က ပညာသင်ပေးနေသည်ဆိုပြီး လုပ်ဆောင်ကြောင်း၊ ထိုအထဲတွင် မည်သည့်မြှုပ်ကွက်များရှိသည်ကို ကြည့်လျှင်သိနိုင်ပါ ကြောင်း ပြောကြား၍ ယင်းအကြောင်းအရာများနှင့်ပတ်သက်သည့် ဗီဒီယိုဖိုင်ကို ရှင်းလင်းပြသပြီးနောက် မိဘပြည်သူများအနေဖြင့် “အသိ၊ သတိရှိဖို့ လိုအပ်နေပြီ” ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့အနေဖြင့် ကျောင်းများဖွင့်လှစ်သည့်အခါ ကျောင်းသား၊ ကျောင်းသူ လူငယ်များအားလုံး ပညာသင်နှစ်တစ်ခု အောင်မြင်စွာ ပြီးဆုံး ပညာသင်ကြားနိုင်ရန် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေး မိဘပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များကို ၂၀၂၂ ခုနှစ်၊ မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းများ အများဆုံး မဖွင့်လှစ်နိုင်သည့်နေရာသည် ချင်းပြည်နယ်ဖြစ်ကြောင်း ပြောကြားသည်။

ချင်းပြည်နယ်၌ ပညာရည်မြှင့်တင်ရေးဆောင်ရွက်ရန် အစိုးရ၏ လုပ်ဆောင်ချက်များကို ပြောလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် များအနက် ချင်းပြည်နယ်သည် ပညာရေးနှင့်ပတ်သက်ပြီး အားနည်း ချက်များ ရှိခဲ့ပါကြောင်း၊ ယင်းကိုကုစားနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်၌ ယခင်က ၂၀၁၆ ခုနှစ်တွင် ဟားခါးကောလိပ် ဖွင့်လှစ် ပြီး ၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်အဆင့်မြှင့်တင်ခဲ့ပါကြောင်း၊ မင်းတပ်ကောလိပ်ကို ထပ်မံဖွင့်လှစ်ရန် ဆောက်လုပ်လျက်ရှိပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနှင့် မင်းတပ်၌ စက်မှုလက်မှုသိပ္ပံ ၁ ခု၊ ဖလမ်း၊ ပလက်ဝနှင့် ထန်တလန်တို့၌ စက်မှုလက်မှုအထက်တန်း ကျောင်း ၃ ကျောင်း ထပ်မံဖွင့်လှစ်ရေး စီမံချက်ထားဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့သော် အကြမ်းဖက် PDF များလုပ်ရပ်ကြောင့် ချင်း ပြည်နယ်ရှိ ရှိပြီးသားကျောင်းအချို့ပင် မဖွင့်လှစ်နိုင်သည့် အနေ အထားဖြစ်ခဲ့ရပါကြောင်း၊ မည်သူတို့ နစ်နာနေသည်ကို စဉ်းစား ကြည့်စေလိုကြောင်း၊ မိမိပြည်နယ်၊ မိမိ လူထု၊ မိမိတို့၏ ချင်းအမျိုးသား များသာ နစ်နာရခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကို သတိပြုကြရန် လိုပါကြောင်း။

ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ပထမနှစ်သင်တန်းသားအပ်နှံမှု တစ်သောင်းခုနစ်ထောင်ကျော်ရှိပြီး အပ်နှံရာခိုင်နှုန်း ၃၀ ဒသမ ၀၃ (၃၀ ရာခိုင်နှုန်းကျော်)ထဲမှ ကျောင်းတက်သူ ၁၀၃၂၆ ဦး (တစ်သောင်း ကျော်)၊ ပျက်ကွက် ၆၈၈၉ ဦး (ခြောက်ထောင့်ကိုးရာနီးပါး) ဖြစ်သည့် အတွက် ၅၉ ဒသမ ၉၈ ရာခိုင်နှုန်း (၆၀ ရာခိုင်နှုန်းနီးပါး) ရှိပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များတွင်မူ ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်အောင် ရှိရင်း ၄၀၁၃ ဦး(လေးထောင်ကျော်)၊ အပ်နှံ ၂၃၂၇ ဦး (နှစ်ထောင့် သုံးရာကျော်)၊ ၅၇ ဒသမ ၉၉ ရာခိုင်နှုန်း (၅၈ ရာခိုင်နှုန်း) အပ်နှံခဲ့ပါကြောင်း၊ ဆေးတက္ကသိုလ်တက်ရောက်ရန် ကျောင်းလာရောက်အပ်နှံသည်မှာ ယခုအချိန်အထိ အပ်နှံနေဆဲဖြစ်ကြောင်း၊ မနေ့က ဆေးတက္ကသိုလ် အသီးသီး၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲများကို ဆေးတက္ကသိုလ် အသီးသီး၌ တစ်ပြိုင်တည်းကျင်းပခဲ့ပါကြောင်း၊ တက်ရောက်သူပေါင်း သုံးထောင်ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ဆက်လက်လာရောက် သင်ကြားမည့်သူများလည်း ရှိပါကြောင်း၊ ကျောင်းမတက်ဘူးဟု မည်သို့ပင်ပြောသည်ဖြစ်စေ တင်ပြပါ ဗီဒီယိုဖိုင် ကိုကြည့်ပါက အဖြေကိုတွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး တက္ကသိုလ်အသီးသီး၌ ကျောင်းတက်ရောက်နေမှုဗီဒီယိုဖိုင်ကို ပြသ သည်။

မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်ကိုသာ Highlight ထုတ် တင်ပြရခြင်းမှာ ယင်းလူငယ်လေးများသည် ရိုးသားသည့်၊ အရောင် အသွေးကင်းမဲ့သည့် လူငယ်လေးများဖြစ်ကြောင်း ဂုဏ်ယူစွာပြောလို၍ ဖြစ်ပါကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်က အနာဂတ်အတွက် အားကိုး တကြီးမျှော်လင့်နေသည်ဟု ပြောလိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တက္ကသိုလ်နည်းပြ ဆရာ/ဆရာမများ လုံလောက်စွာ ခန့်အပ်နိုင်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ဆရာ/ဆရာမများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်အကျိုးရှိမည့် ကိုယ်စီမျှော်လင့်ချက် စိတ်ကူးအိပ်မက်များ ပုံဖော်ခွင့်ရရှိလာအောင် ကြိုးပမ်းကြပါဟု ဆုတောင်းပြောကြား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြတ်သောဆရာနှင့် ပညာတတ်နှလုံးသားလှသူများ

ငြိမ်းချမ်းမေ

**ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုများကြောင့် အလုပ်အကိုင်များ ရပ်ဆိုင်းခဲ့ရသည်။ ကျောင်းများပိတ်ခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေး၊ အလုပ်အကိုင်များ နှောင့်နှေးခြင်းနှင့် ပညာရေးကဏ္ဍများကြန့်ကြာခြင်းတို့ကို ရင်ဆိုင်ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါသည် တစ်ခါတည်း ပျောက်သွားသည့် ရောဂါမျိုးမဟုတ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ စီးပွားရေးလုပ်ငန်းများ၊ ပညာရေးမြှင့်တင် ဆောင်ရွက်ချက်များကို အလေထားကာ ဘက်ပေါင်းစုံမှ အခွင့်အလမ်း သာသလို ဆောင်ရွက်ခဲ့ရသည်။**



၂၀၂၂ ခုနှစ် ဇွန်လတွင် မြန်မာတစ်နိုင်ငံလုံး အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပညာရေးအရှိန်ပြန်လည်စတင်ခဲ့ရာ ကျောင်းသား မိဘများပီတိဖြစ်ခဲ့ရသည်။ စာသင်နှစ်အတွက် စာမေးပွဲများကျင်းပပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအောင်မြင်မှုရရှိကာ ယခု ၂၀၂၂ ခုနှစ် ပညာသင်နှစ်တွင် သက်ဆိုင်ရာ အတန်းများသို့ ဆက်လက် တက်ရောက်ကြရမည်ဖြစ်သည်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်နေ့သည် မိဘ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများအတွက် အပျော်ဆုံးနေ့တစ်နေ့ဖြစ်ပေသည်။ လူသားအရင်းအမြစ်များပျိုးထောင်မွေးထုတ်ပေးသည့် ပညာရေးကဏ္ဍသည် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော အရာတစ်ခုဖြစ်ပေသည်။ ပညာတတ်များမှ နိုင်ငံတော်၏ စွမ်းအားကောင်းမည်။ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မည် ဖြစ်ပေသည်။ ယနေ့နိုင်ငံတော်သည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးထား၍ ဆောင်ရွက်လျက်ရှိပါသည်။

**မင်္ဂလာရှိသော စာသင်ခန်းမှသည်**

စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာဖြင့် ဆရာ ဆရာမ ဘဝကို တည်ဆောက်ထားကြသူများသည် တပည့် ကျောင်းသား/ ကျောင်းသူများအတွက် စံနမူနာယူထိုက်သည့် အနန္တဂိုဏ်းဝင် ဆရာ ဆရာမများ ဖြစ်ကြသည်။ မိမိတတ်ကျွမ်းသော ပညာကို တပည့်များအတွက် မခြွင်းမချန်သင်ယူပေးပြီး လိမ္မာယဉ်ကျေးသည့် တပည့်ကောင်းများဖြစ်အောင်လည်း နေ့စဉ်ဆုံးမလျက်ရှိပေသည်။ မင်္ဂလာရှိသောစာသင်ခန်းတွင် ကျောင်းယူနီဖောင်းဝတ်စုံဖြင့် ကျောက်သင်ပုန်းတွင် စာသင်ကြား ပို့ချပေးနေသည့် ဆရာ ဆရာမများ၏ ကျက်သရေသည် တုနှိုင်းစရာမရှိဖြစ်ပေသည်။ ထိုနည်းတူ ကျောင်းဝတ်စုံတူညီစွာဖြင့် ဝတ်ဆင်ထားသည့် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သည်လည်း နိုင်ငံတော်၏ အင်အားပင်ဖြစ်ပေသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးနိုင်သည့်နေရာသည် ကျောင်းစာသင်ခန်းများပင်ဖြစ်သည်။ မိဘများသည် သားသမီးများကို စာတတ်စေချင်သည်။ ပညာတတ်ဖြစ်စေချင်သည်။ နိုင်ငံတော်အတွက် အားထားရသည့် သားကောင်း သမီးကောင်းများ ဖြစ်စေချင်သည်။ ထို့ကြောင့် ကျောင်းသို့ပို့သည်၊ စာသင်ပေးသည် မိဘများ၏တာဝန်က လေးစားဂုဏ်ယူထိုက်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာကို ပညာနှင့်သာ နှိုင်းယှဉ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းအပ်ရာသီကာလတွင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝင်ကြေး အခမဲ့အပြင်၊ ဗလာစာအုပ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကိုဗစ်ကာကွယ်ရေးပစ္စည်းများ အခမဲ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည်။ ကျောင်းနေအရွယ် ကျောင်းအပ်နှံရေးနှင့် ကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူအားလုံး စာတတ်မြောက်ရေးကို နိုင်ငံတော်အစိုးရနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး မိဘနှင့်ဆရာ ရင်အုပ်မကွာပြုစုစောင့်ရှောက်မှုဖြင့် ပညာသင်အရွယ်များ အနာဂတ်ခိုင်မာလှပအောင် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာသင်ခန်းထဲမှ ဆရာ ဆရာမများ၏ သင်ကြားဆုံးမမှုသည် နာယူမှတ်သားလိုက်နာရသော ကျောင်းသား ကျောင်းသူများအဖို့ တန်ဖိုးမဖြတ်နိုင်သည့် ပညာအမွေများဖြစ်ပေသည်။ ကျောင်းစာသင်ခန်းမှ ထွက်ပေါ်လာသော စာအံသံများကို ကြားရသူများအဖို့ စိတ်နှလုံးချမ်းမြေ့လှပေသည်။ မိမိတပည့်သားချင်းများ ကျောင်းမတက်လျှင်သော်လည်းကောင်း၊ ကျောင်းနောက်ကျလျှင်သော်လည်းကောင်း၊ စိတ်ပူတတ်သည့် ဆရာများ၏ သောကသည် မိဘပမာကျေးဇူးကြီးလှပေသည်။ အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ ဆိုသည့်အတိုင်း ကျောင်းစာသင်ခန်းမထဲတွင်ရှိသည့် တပည့်များအဖို့ ပညာသင်ကြားပေးနေသော ဆရာများ၏ ရင်ခွင်သည် ထာဝရနွေးထွေးနေပေသည်။ ယနေ့နိုင်ငံတော်တွင် ဌာနစုံ၊ ကဏ္ဍစုံများတွင် တာဝန်ယူ၍ အုတ်တစ်ချပ်၊ သဲတစ်ပွင့် တာဝန်ထမ်းဆောင်နေကြသူများသည် ကျောင်းစာသင်ခန်းထဲမှ သင့်ရာပညာများကို ဆည်းပူးလာကြသူများဖြစ်သည်။ မိမိသင်ယူတတ်မြောက်ခဲ့သော ပညာရပ်များဖြင့် နိုင်ငံတော်ကို ကျေးဇူးသစ္စာပြု၍ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ကျရာနေရာတွင် ပေးအပ်သော တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်နေကြခြင်း ဖြစ်ပါသည်။

**အမျိုးသားပညာရေး၏ အားမာန်**

ပညာမသင်လျှင် ပညာမတတ်၊ ပညာမတတ်လျှင် ကျောင်းသူ ကျောင်းသားတို့သာ အကျိုးမရှိ၊ နစ်မွန်းမည့် ဘဝများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကိုလိုနီခေတ်က ပညာရေးစနစ်ကို ကန့်ကွက်သည်မှလွဲ၍ မည်သည့်ခေတ်ကာလတွင်မှ ပညာရေးကို မည်သူတစ်ဦးတစ်ယောက်ကမှ ကန့်ကွက်ခဲ့ခြင်းမရှိပေ။ ယခုကျောင်းသား ကျောင်းသူများ သင်ကြားနေရသည့် ပညာရေးသည် ကျွန်ပညာရေးမဟုတ်ပေ။ အမျိုးသားပညာရေးစစ်စစ်သာ ဖြစ်ပေသည်။ အမျိုးသားပညာရေး၏ အားမာန်ဖြင့် နိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် ကျောင်းသား ကျောင်းသူများ အနာဂတ်တောက်ပလင်းလက်လာအောင် စေတနာကောင်းဖြင့် ပညာသင်ကြားရေးကို အားပေးနေကြခြင်းဖြစ်သည်။ ယခုအခါ ပညာလိုလားသော ကျောင်းသား ကျောင်းသူ၊ မိဘ၊ ဆရာများက ကျောင်းများပြန်ဖွင့်၍ ပညာသင်ကြားရေးကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆောင်ရွက်နေကြသည်။

သို့သော်လည်း ယုံကြည်ချက်လွဲမှား၍ ပညာမလိုလားသောကြောင့် မိမိနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အနာဂတ်မျိုးဆက်သစ် အပြစ်မရှိသော ကျောင်းသား ကျောင်းသူလေးများ၏ ဘဝများကို နင်းချေဖျက်ဆီးပစ်ရန် ကြိုးစားနေခြင်းမှာလည်း နိုင်ငံသားကောင်း တစ်ယောက်မဟုတ်ဘဲ မိမိနိုင်ငံ၏အကျိုးကို ဖျက်လိုဖျက်ဆီးပြုလုပ်နေခြင်းသာ ဖြစ်ပေသည်။ ကျောင်းနေအရွယ်ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းစာသင်ခန်းထဲရောက်ရှိ၍ ပညာသင်ယူကြပြီဆိုလျှင် ပညာတတ်မည်ဖြစ်ပြီး ပညာတတ်လျှင် အရာရာဘက်ပေါင်းစုံမှ တိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။ နိုင်ငံရေးနှင့် ပညာရေးကို ရောထွေးခြင်းမပြုဘဲ မှန်မှန်ကန်ကန်သိမြင်ရန် လိုအပ်ပေသည်။ အနာဂတ် ကျောင်းသား ကျောင်းသူများဘဝ ပညာတတ်မှသာ တိုင်းပြည်အနာဂတ် သာယာလှပမည်ဖြစ်သည်။

**ပညာတတ်များနှင့် အမျိုးသားနိုင်ငံတော်**

မြန်မာတစ်နိုင်ငံလုံး မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ထားသည်။ ဇွန်လအတွင်း အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက်တည်း ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာဖြင့်ပညာသင်ယူကြရတော့မည်။ ကျောင်းသားမိဘများအနေဖြင့် သတင်းမှားများကို မယုံကြည်ဘဲ မိမိတို့၏ သားသမီးများကို ပညာပန်းများ ပွင့်စေဖို့ မိဘ၊ ဆရာ ပူးပေါင်း၍ ကောင်းမွန်သော၊ ပျော်ရွှင်သော ပညာသင်ယူမှုဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်မှသာ ပညာတတ်အင်အားများ ပေါ်ကွယ်ဝလာမည် ဖြစ်သည်။ မိမိတို့၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ၏ အနာဂတ်ဘဝ သာယာလှပရေး၊ အမျိုးသားပညာရေးဖြင့် ပညာတတ်များ ပေါ်ကွယ်ဝရေးသည်လည်း နိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မြတ်သောဆရာများ၏ သင်ကြားပို့ချပေးသော ပညာရပ်များနှင့် ပညာတတ်အင်အားများ ပေါများလာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမိနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ကျောင်းသား ကျောင်းသူများအားလုံး ပညာတတ်၍ နှလုံးသားလှပြီး တတ်သည့်ပညာရပ်များနှင့် အမျိုးသားနိုင်ငံတော်ကြီးကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

**“မင်္ဂလာရှိသောစာသင်ခန်းတွင် ကျောင်းယူနီဖောင်းဝတ်စုံဖြင့် ကျောက်သင်ပုန်းတွင် စာသင်ကြားပို့ချပေးနေသည့် ဆရာ ဆရာမများ၏ ကျက်သရေသည် တုနှိုင်းစရာမရှိ ဖြစ်ပေသည်။ ထိုနည်းတူ ကျောင်းဝတ်စုံတူညီစွာဖြင့် ဝတ်ဆင်ထားသည့် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သည်လည်း နိုင်ငံတော်၏ အင်အားပင်ဖြစ်ပေသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးနိုင်သည့် နေရာသည် ကျောင်းစာသင်ခန်းများပင်”**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၅-၂၀၂၂ စနေနေ့

**MRTV HD**

- ၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၀၉:၅၀ SEA Games Vietnam (Highlights)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
- ၁၃:၃၀ MRTV National News
- ၁၅:၂၀ (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်း)
- ၁၇:၄၀ ရွှေလေမြင်လေကမ္ဘာမြေ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၉၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ **(၃၀)ဖြာပဂံလာ** (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'အသေဝနာစဗာလာနံ' နှင့် 'ပတိရူပဒေသဝါသောစ'**
- ၂၁:၄၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

- 07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:09 Weekly Review
- 07:26 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
- 07:39 Myanmar Designer Studio: Amy
- 07:44 Quiz Time (Ep-10)
- 09:01 News
- 09:26 Global Partnership for Brighter Future: Armenia Pavilion at Expo 2020 Dubai
- 09:34 Bagan: The Land of Pagoda
- 10:01 Dengue Fever
- 10:08 Ocularist
- 10:29 Great Shwedagon - The Architectural Heritage

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရုံးပတီသီးနှင့်ကျန်းမာရေး
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** အသားအရေလှပကောင်းမွန်စေမည့်အချက်များ
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** အမဲသားလိပ်နှင့်ရေပ်ကောင်းဆော့စ်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပို့ဖွင့်ကမ်းခြေသို့အလည်သွားကြမယ်
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝက်နံရိုးချဉ်စပ်ဟင်းရည်
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၀)
- **ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)** ထူးခြားဆန်းပြားကရင်တူရိယာနှင့်တေးသံသာများ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၁၅ 31st SEA Games Highlights
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းမဲ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အထွက်နှုန်းပိုတိုးဖို့စမ်းသပ်စိုက်ပျိုးစို့
- ၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၇:၁၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
- ၀၈:၂၀ စက်မှုလယ်ယာပညာရှာ ခေတ်မီစိုက်ပျိုးပြည့်အကျိုး
- ၀၉:၁၅ တစ်ဆစ်ကြံစိုက်ပျိုးတောင်သူဝင်ငွေတိုး
- ၀၈:၂၀ သမိုင်းအစဉ်အလာကြီးမားတဲ့ တောင်ငူသားတို့ရဲ့လယ်ကွင်းများဆီ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မိုးရာသီအကြို သစ်ပင်စိုက်ပွဲကျင်းပ



ရန်ကုန် မေ ၂၀

၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လှော်ကားကြိုးဝိုင်းအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက သတ်မှတ်နေရာများတွင် နေရာယူပြီး ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသလို သာယာလှပပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကို အစဉ်တစိုက်ဆောင်ရွက်နိုင်ရေး အမျိုးအစားစုံလင်စွာ စိုက်ပျိုးရာ ယနေ့တွင် ကံ့ကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မန်ကျည်းရှား သစ်မျိုးများ စုစုပေါင်း ၅၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"သစ်တောတွေ ထိန်း၊ တောတွေ စိမ်းမှ၊ ငြိမ်းချမ်း ပြည်ရွာ၊ နိုင်ငံသာ၏" ဆိုတဲ့ သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးကို ဖော်ညွှန်းထားသော ဆောင်ပုဒ်များကို အမြဲအလေးထားပြီး သစ်တောသစ်ပင်များ၊ သစ်တောဂေဟာစနစ်များ စဉ်ဆက်မပြတ်တည်တံ့ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဒေသခံပြည်သူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ/ အဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြဖို့ လိုအပ်ကြောင်း သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၅-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅/၂၂၀၀ ကျပ် | ၂၂၄၀/၂၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၂၀/၂၂၂၅ ကျပ် | ၂၂၇၀/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၀၅/၂၂၁၀ ကျပ် | ၂၂၅၀/၂၄၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၅ ကျပ် | ၂၃၂၅/၂၄၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၀၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၄ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၃၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၅၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၂၄၆ | ၁၈၆၉၆၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၄၇၄ | ၁၂၅၆၁၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀၆၇ | ၈၃၂၂၆၀၀ |
| FPB | ၁၇၅၀၀ | ၁၈၀၀၀ | ၂၉၀ | ၅၀၇၉၀၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၃၅၀ | ၈၉၂၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၀ | ၁၀၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
- ဓာတ်ပုံသတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ယခုအပတ် မေ ၂၂ ရက် (တနင်္ဂနွေနေ့) ည ၉ နာရီခွဲမှာတော့ ပရီမီယာလိဂ်ရာသီပိတ်ပွဲစဉ်တွေကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားမှာပါ။ မန်စီးတီးက ဗီလာ၊ လီဗာပူးက ဝုဖ်၊ အာဆင်နယ်က အဲဗာတန်၊ စပါးက နော့ဝှစ်ချ်အသင်းတို့နဲ့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

# ပရီမီယာလိဂ်ရာသီပိတ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်



## အာဆင်နယ် VS အဲဗာတန်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု အဲဗာတန် ၂-၁ အာဆင်နယ်**

အာဆင်နယ်အတွက် အဆင့်(၄) အတွင်းဝင်ဖို့ မဖြစ်မနေနိုင်ပွဲရဖို့လိုအပ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ အဲဗာတန်အသင်းက ပရီမီယာလိဂ်မှာတင်ကျန်ဖို့ သေချာခဲ့ပြီဆိုပေမယ့် ရလဒ်ကောင်းရရှိရေးပြင်ဆင်လာမှာပါ။အာဆင်နယ်အသင်း ကပ်နိုင်ဖွယ်ရာရှိတယ်။

## ဘရန့်ဖို့ဒ် VS လိဒ်စ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု လိဒ်စ် ၂-၂ ဘရန့်ဖို့ဒ်**

ဘရန့်ဖို့ဒ်က နှစ်ပွဲဆက်နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေတယ်။ လိဒ်စ်က ပရီမီယာလိဂ်တင်ကျန်ဖို့ မဖြစ်မနေအနိုင်ရရှိဖို့လိုအပ်နေတယ်။ ဘရန့်ဖို့ဒ်ရဲ့ မာကျောတဲ့ ကစားဟန်ကြောင့် ကစားရခက်ခဲပြီး လိဒ်စ်အသင်း ရလဒ်ကောင်းရရှိဖွယ်ရှိတယ်။

## ဘရိုက်တန် ဝက်စ်ဟမ်း

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝက်စ်ဟမ်း ၁-၁ ဘရိုက်တန်**

ဘရိုက်တန်က ရမှတ်လိုအပ်ချက်မရှိတော့ပေမယ့် ဝက်စ်ဟမ်းက ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိတာကြောင့် နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာ သေချာပါတယ်။ ဘရိုက်တန်ထက် ဝက်စ်ဟမ်းအသင်းရဲ့ ရှန်းအားကို ကြည့်ရမယ်။

## ဘန်လေ VS ကာဆယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ကာဆယ် ၁-၀ ဘန်လေ**

ဘန်လေက ကြားရက်မှာ ဗီလာနဲ့ ယှဉ်ပြိုင်ကစားခဲ့ပြီး သရေကျခဲ့တာကြောင့် တန်းမဆင်းရဖို့အတွက် ယခုပွဲစဉ်မှာ ဘန်လေအသင်းနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ကာဆယ်အသင်းရဲ့ ခြေစွမ်းတည်ငြိမ်တယ်ဆိုသော်ငြား ဘန်လေအသင်း နိုင်ပွဲရရှိမယ်။

## ချယ်ဆီး VS ဝက်ဖို့ဒ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝက်ဖို့ဒ် ၁-၂ ချယ်ဆီး**

ဝက်ဖို့ဒ်က တန်းဆင်းခဲ့ရပြီဖြစ်ပေမယ့် ဂုဏ်သိက္ခာအရ ချယ်ဆီးအသင်းကို နိုင်ပွဲရရှိရေး ပြင်ဆင်လာမှာပါ။ ချယ်ဆီးကလည်း ပြီးခဲ့တဲ့ပွဲစဉ်က သရေကျမှုကို ချေဖျက်ဖို့ ဒီနေ့ပွဲစဉ်မှာ ကြိုးစားလာမှာပါ။ ဝက်ဖို့ဒ်ထက် ချယ်ဆီးနိုင်ဖွယ်ရာရှိတယ်။

## ပဲလေ့စ် VS မန်ယူ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၁-၀ ပဲလေ့စ်**

မန်ယူက ယူရိုပါလိဂ်ဝင်ခွင့်အတွက် မဖြစ်မနေ ပဲလေ့စ်ကို အနိုင်ရရှိဖို့ လိုအပ်နေတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘရိုက်တန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ မန်ယူအသင်းရဲ့ ခြေစွမ်းက အားရစရာမရှိပေမယ့် ယခုပွဲစဉ်မှာတော့ ယူရိုပါလိဂ်ဝင်ခွင့်ကြောင့် ပဲလေ့စ်ကို နိုင်ဖွယ်ရာရှိတယ်။

## လက်စတာ VS ဆောက်သမ်တန်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဆောက်သမ်တန်၂-၂လက်စတာ**

ဆောက်သမ်တန်က ပြီးခဲ့တဲ့ငါးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘဲ သရေကျကာ လေးပွဲအထိ ရှုံးပွဲကြုံတွေ့ထားတာကြောင့် ခြေစွမ်းကျဆင်းနေတယ်။ လက်စတာက နှစ်ပွဲဆက်နိုင်ပွဲရရှိထားတယ်။ ဆောက်သမ်တန်ထက် လက်စတာအသင်း ရလဒ်ကောင်းရရှိမယ်။

## လီဗာပူး VS ဝုဖ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝုဖ် ၀-၁ လီဗာပူး**

ဖလားဆွတ်ခူးနိုင်ရေး အရေးပါတဲ့ပွဲစဉ်ဖြစ်တာကြောင့် ဝုဖ်ကို နိုင်ပွဲရရှိဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ပြီးခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတဲ့ ဝုဖ်အနေနဲ့ အသင်းလိုက်စုဖွဲ့မှုအားမှာ လီဗာပူးကို ယှဉ်ဖွယ်ရာမရှိဘူး။ လီဗာပူးနိုင်မယ်။

## မန်စီးတီး VS ဗီလာ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဗီလာ ၁-၂ မန်စီးတီး**

မန်စီးတီးက ဒီပွဲစဉ်နိုင်ရင် ဖလားဆွတ်ခူးနိုင်မှာဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ ဗီလာကလည်း ပြီးခဲ့တဲ့နှစ်ပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတာကြောင့် နိုင်ပွဲရရှိရေးကြိုးစားလာမှာပါ။ မည်သို့ပင်ဆိုစေ မန်စီးတီးအသင်း နိုင်ပွဲရရှိမယ်။

## နော့ဝှစ်ချ် VS စပါး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု စပါး ၃-၀ နော့ဝှစ်ချ်**

နော့ဝှစ်ချ်က တန်းဆင်းခဲ့ရပြီဖြစ်တာကြောင့် ရမှတ်လိုအပ်ချက်မရှိတော့ပေမယ့် စပါးက ယခုပွဲစဉ်နိုင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာဖြစ်တာကြောင့် နိုင်ပွဲရရှိရေး ဦးတည်လာမှာပါ။ နော့ဝှစ်ချ်ထက် စပါးအသင်း နိုင်ပွဲရရှိမယ်။

## သတင်းတိုများ

■ ပီအက်စ်ဂျီအသင်းသည် အသက် ၃၀ အရွယ်ရှိ လီဗာပူးတိုက်စစ်ကစားသမား မာနေးကို ခေါ်ယူရန် ချိန်ရွယ်နေသည်။ အန်းဖီးလ်၌ မာနေး၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၃ ခုနှစ်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။

■ အာဆင်နယ်၊ နယူးကာဆယ်နှင့် အဲဗာတန်အသင်းတို့သည် ဘာစီလိုနာအသင်းမှ နယ်သာလန်တိုက်စစ်ကစားသမား ဒီပေးကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ စပါးအသင်းသည် ဘာစီလိုနာအသင်းမှ ပြင်သစ်နောက်ခံကစားသမား လင်ဂလက်ကို အငှားခေါ်ယူရန် စိတ်ဝင်စားနေသည်။




■ ယူရိုပါလိဂ်ဖိုင်နယ်ပွဲစဉ်အဖြစ် ဖရန့်ဖတ်နှင့် ရိန်းဂျားအသင်းတို့ ပွဲစဉ်ကို မေ ၁၉ ရက် နံနက်ပိုင်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် ဖရန့်ဖတ်အသင်းအနိုင်ရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

■ နယူးကာဆယ်အသင်းသည် မန်ယူအသင်းမှ ဒိန်းဟန်ဒါဆင်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

## မာကိုရို့စ်ကို နည်းပြအဖြစ်မှ ဒေ့ါမွန်အသင်း ထုတ်ပယ်

ဘွန်ဒက်စ်လီဂါကလပ် ဒေ့ါမွန်အသင်းသည်အသင်းတွင် နည်းပြအဖြစ် တစ်နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ယခုအခါတွင် မာကိုရို့စ်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ကြောင်း သိရသည်။

ရို့စ်သည် မိုချန်ဂလာဘတ်အသင်းမှ ဒေ့ါမွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ဒေ့ါမွန်အသင်းကို အဆင့် (၂) နေရာတွင် ရပ်တည်နိုင်အောင်ကူညီပေးထားနိုင်သည်။ ရို့စ်သည် ဒေ့ါမွန်အသင်းကို စုစုပေါင်း ၄၇ ပွဲ ကိုင်တွယ်ထားပြီး ၂၇ ပွဲနိုင်၊ လေးပွဲသရေနှင့် ၁၆ ပွဲ အထိ ရှုံးနိမ့်ထားသည်။

ဒေ့ါမွန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသလို ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ရိန်းဂျားအသင်းကို နှစ်ကျော့ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

## ယခုနှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလား၌ အမျိုးသမီးဒိုင်များ ကိုင်တွယ်မည်

ယခုနှစ်တွင် ကျင်းပတော့မည် အမျိုးသားကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမျိုးသမီးဒိုင်များ ပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်နိုင်ငံမှ စတီဖာနီ ဖရတ်ပတ်၊ ရဝမ်ဒါနိုင်ငံမှ ဆာလီမာ မူကန်ဆာညာနှင့် ဂျပန်နိုင်ငံမှ ယိုရှီမီယာမာရှီတာတို့သည် ကာတာနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားကို တာဝန်ယူကိုင်တွယ်ရန် ရွေးချယ်ခံထားရကြောင်း သိရသည်။

ထို့ပြင် ပရီမီယာလိဂ်မှ ကွင်းလယ်ဒိုင်ဖြစ်သည့် မိုက်ကယ်အိုလီဗာနှင့် အန်တိုနီ တေလာတို့သည်လည်း နိုဝင်ဘာ ၂၁ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရွေးချယ်ခံထားရကြောင်း သိရသည်။

တေလာသည် ယူရို ၂၀၂၀ ပြိုင်ပွဲ ဒိန်းမတ်နှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သူ ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် တေလာသည် အဲရစ်ဆင်ကွင်းထဲ၌ လဲကျနေစဉ်အတွင်း ဆေးကုသမှုချက်ချင်းခံယူရန်လုပ်ဆောင်မှုအတွက် ချီးကျူးခံထားရသူ ဖြစ်သည်။



အမျိုးသားကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရွေးချယ်ခံထားရသည့် အမျိုးသမီး ဒိုင်လူကြီးသုံးအနက်တစ်ဦးဖြစ်သည့် စတီဖာနီ ဖရတ်ပတ်ကို တွေ့ရစဉ်။

## ဗီလာကို အနိုင်ရရှိခဲ့ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ပြီဖြစ်သည့် အဲဗာတန်

အဲဗာတန်အသင်းသည် ဗီလာအသင်းနှင့် မေ ၂၀ ရက် နံနက်ပိုင်းက ပရီမီယာလိဂ် လက်ကျန်ပွဲစဉ် (၃၃) ကို ယှဉ်ပြိုင်ကစားခဲ့ရာ နောက်ကျသွင်းဂိုးများနှင့်အတူ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဲဗာတန်အသင်းသည် ပရီမီယာလိဂ် (၃၇) ပွဲကစားပြီး ၃၉ မှတ်ဖြင့် အဆင့် (၁၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အဲဗာတန်အသင်းသည် ပြိုင်ဘက်ဗီလာအသင်းကို မိနစ် ၄၀ အတွင်း နှစ်ဂိုးပြတ်ရှုံးနိမ့်ရာမှ မိုက်ကယ်ကိန်း၊ ရစ်ချတ်လီဆန်နှင့် ကားဗက်လီဝင်တို့၏ နောက်ကျသွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာနေ လွင်မိုးအောင်သည် ၎င်းအသုံးပြုသည့် "Thar Khway Lma" Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဇော်ဇော်အောင်(ခ)ဇော်ဇော်သည် ၎င်းအသုံးပြုသည့် "Zaw Zaw Diana" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၄)ရပ်ကွက်နေ ညဏ်ထွန်းသည် ၎င်းအသုံးပြုသည့် "Nyan Htun" Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝတ်ရည်ထွန်းသည် ၎င်းအသုံးပြုသည့် "Wutt Yee Htun" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရွာသစ်ရပ်ကွက်နေ ဗိုလ်ဗိုလ်(ခ) ဗိုလ်ဗိုလ်အောင်နှင့် သဇင်ထွန်း(ခ) သဲတုန်တို့သည် ၎င်းတို့အသုံးပြုသည့် "Bo Bo" Facebook အကောင့်နှင့် "Thazin Htun" Facebook အကောင့်တို့သည့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ကျောဖုံးမှ*

ရှင်သီလိန္ဒ (ခ) မောင်ဟိန်းထက်အောင် (၈)နှစ် (ဘ) ဦးတိုး တို့တွင် လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ရာ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)



ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ပြီး ရှင်သာမဏေငယ်များကို ဒဏ်ရာရရှိစေခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နေရပ်အသီးသီးသို့ ပြန်နိုင်ရေး ကူညီဆောင်ရွက်ပေး

**မူဆယ် မေ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ နှစ်နိုင်ငံ ဝင်/ထွက်ပေါက် နန်းတော်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသား ၁၁၆ ဦး ပြန်လည်ဝင်ရောက်လာရာ ယနေ့မွန်းတည့် ၁၂ နာရီက မိမိတို့နေရပ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေးသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံရသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၅၄ ဦး စုစုပေါင်း ၁၇၀ မြန်မာ-တရုတ်နှစ်နိုင်ငံဝင် / ထွက်ပေါက် နန်းတော်ဂိတ်မှလွှဲပြောင်းပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းတို့က ဦးဆောင်၍ ငွေကျပ် ၁၀၂၀၀၀၀ အား နေထိုင်စားသောက်ရေးနှင့် နေရပ်အသီးသီးသို့ ပြန်နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းသည်။ ထို့ပြင် လမ်းခရီး အဆင်ပြေစေရန် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ ခရိုင်လဝကဦးစီးမှူး ဦးရဲရင့်ထွန်းက ဦးဆောင်၍လဝကနှင့်သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးပြီး မိမိတို့နေရပ်အသီးသီး စိတ်ချမ်းသာစွာ ပြန်လည် ရောက်ရှိရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။



**ချယ်ရီမြေ(မူဆယ်)**

---

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၀**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နိုင်လင်း(ခ)ချစ်ထွေးက အထည်ချုပ်စက်ရုံတွင် အတူလုပ်ကိုင်ရာမှ ခင်မင်ရင်းနှီးသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ မ (၂၃) နှစ်အား ၎င်း၏ ရည်းစားဖြစ်သူ မဝေဝေသည် တရုတ် နိုင်ငံ ဝမ်းကျိုးမြို့တွင် ဟော့ပေါ့ဆိုင် ဖွင့်ထားကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၀ သိန်းခန့်ရမည်ဖြစ်ကြောင်း၊ စရိတ်ငြိမ်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသား လင်ကျစ်ထောက်ဆိုသူထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် အင်းစိန်မြို့မ ရဲစခန်း (ပ) ၄၄၃ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုင်လင်း(ခ)ချစ်ထွေးအား မေ ၁၉ ရက်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော ကျွန်းခွဲသား ဆိုဒ်စုံ ၃ ဒသမ ၉၇၀၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၇၀၈၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၇၀၈၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်မှန်လုံယာဉ် တစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော M-150 အချိုရည်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ် ပခုက္ကူ-ပေါက် ကားလမ်း မြကန်သာလမ်းဆုံ၌ Hijet အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၁၂ ဒသမ ၀၇၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၃၉၃၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့က ဒိုက်ဦး-စစ်တောင်း ကားလမ်း (ဗျူဟာလမ်း) မိုင်တိုင် အမှတ် (၅/၀)တွင် Isuzu အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၉၃၂၀)၊ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၈ ရက်၊ ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၉၆၀၁၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

